http://www.dhammadownload.com

ဓတ္တာရောဂါအပါယာ

သကဂေဟာသဒိသာ

ဒိဋ္ဌိမပြုတ်သေးသူများ

၏

နေအိမ်သည် အပါယ် (၄) ဘုံ

ရင်ဝလှံ့ရှူး

ထိပ်ဦးမီးလောင်

ဒိဋ္ဌိ

အမြန်ချောင်

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဥပနိဿယအတိုင်း

ခြောက်ဒွါရအကြောင်းပြု၍

မနောမှာပေါ်သော

# ဒိဋ္ဌိသုံးမျိုးဖြုတ်နည်း

နှင့်

# ဝိပဿနာရှုပွားနည်း


တရားတော်

စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ


## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း, လည်ပုံ, ဖြစ်ပုံ, ဒေသနာ




## စိတ္တာနုပဿနာရှုပွားနည်း

# ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း,လည်ပုံ,ဖြတ်ပုံ,ဒေသနာ





## စိတ္တာနုပဿနာရှုပွားနည်း


http://www.dhammadownload.com
MOE WIN COLOR

http://www.dhammadownload.com


[illegible]




http://www.dhammadownload.com

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
ပုံနှိပ်သူများနှင့် ထုတ်ဝေသူများဗဟိုမှတ်ပုံတင်အဖွဲ့

| | | |
|---|---|---|
| ဘာသာအမှတ် | - | ၃၀၀/၃က-၁/ဦး၁ |
| ရက်စွဲ | - | ၂၀၀၂ခုနှစ်၊ မေလ (၂၁)ရက် |
| စာမူခွင့်ပြုချက်အမှတ် | - | ၂၆၁ / ၂၀၀၂ (၅) |
| အဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၆ / ၂၀၀၂ (၆) |
| ထုတ်ဝေသူ | - | ဦးတင်ရှိန်<br>စန်းရောင်ရှိန်စာပေတိုက်<br>၄/၁၇၇၊ မေခလမ်း၊<br>ဝေဘာဂီမြို့သစ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးထွန်းဦး၊ ညွှန့်ပုံနှိပ်တိုက်၊<br>၃၂၁/အောက်ကြည့်မြင်တိုင်လမ်း<br>ရန်ကုန်မြို့။ |
| စီစဉ်ထုတ်ဝေသူ | - | ဦးခင်စိုး၊ မန္တလေး။ |

http://www.dhammadownload.com

ဦးခင်စိုး ပြုစုသော

# ဒိဋ္ဌိသုံးမျိုးဖြတ်နည်း

| လက်လီလက်ကားရနိုင်သောဌာန | လက်လီရနိုင်သောဌာန |
|---|---|
| ဦးခင်စိုး<br>မိုးကုတ်ဝိပဿနာပြန့်ပွားရေး<br>အမှတ်(၁၇၁)၊မြစန္ဒာလမ်း၊<br>၂၇×၂၈-၆၂×၆၃ ကြား<br>အောင်တော်မူရပ်၊မန္တလေးမြို့။<br>ဖုံး-၀၂-၆၆၂၀၉<br><br>လက်ကားဈေးနှုန်း<br>အုပ်(၅၀)အထက်<br>၂၀ိ/-နှုန်း | မန္တလေးမြို့ စာအုပ်ဆိုင်များ<br>နှင့်ရန်ကုန်မြို့ပေါ်<br>ရွှေတိဂုံဘုရား စာအုပ်ဆိုင်များ<br>တွင်ဝယ်ယူ ရရှိနိုင်ပါသည်။<br><br><br><br><br>၂၂ိ/-နှုန်း |

မိုးကုတ်
ဝိပဿနာ ပြန့်ပွားရေး
အမှတ်-၁၇၁၊မြစန္ဒာလမ်း၊အောင်တော်မူရပ်
မန္တလေးမြို့။ဖုံး-၀၂-၆၆၂၀၉

http://www.dhammadownload.com


| စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| က | ဒိဋ္ဌိမပြုတ်သူနေအိမ်၊ ပါဠိတော် ------ | က |
| ခ | ပဋိစ္စသမုပ္ပါဒ်မသိလျှင် တရားမသိသေး | ခ |
| ဂ | ဒေသနာပဋိစ္စသမုပ္ပါဒ်၊ | |
| | ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ----------------- | ဂ |
| ဃ | သက္ကာယဒိဋ္ဌိ ----------------------- | ဃ၊င |
| င | မာလ္လိကာမိဖုရားကြီးငရဲ(၇)ရက်ကျပုံ -- | ဇ |
| စ | ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ -------------------- | ဈ |
| ဆ | အင်္ဂုလိမာလ ဥပမာပြပုံ ------------- | ည၊ဋ |
| ဇ | မနောကံသုံးပါး ------ --------------- | ဌ |
| ဈ | တရားအားထုတ်ချိန်ဒိဋ္ဌိသုံးပါးစင်ပုံ ---- | ဍ |
| ည | ဒိဋ္ဌိလေးမျိုး ------------------------ | ဎ |
| ဋ | နိယတမိစ္ဆာဒိဋ္ဌိ (၃)မျိုး ------------- | ဏ |
| | သဿတဒိဋ္ဌိအဆက်မှားပုံ၊ ဥစ္ဆေဒဒိဋ္ဌိ | |
| | အပြတ်မှားပုံ ---------------------- | တ |
| ဌ | အမရာဝိက္ခေပဒိဋ္ဌိ ---------------- | ထ၊ဒ |
| ဍ | ဧကစ္စသဿတဒိဋ္ဌိ ----------------- | ဓ |
| ဎ | ကျွန်တော်ကိုယ်တိုင်အထက်ဂိုဏ်း ---- | န ၊ ပ |
| | အလုပ်တွေလုပ်ခဲ့ဖူးသည် ------------ | ဖ ၊ ဗ |

http://www.dhammadownload.com

# မာတိကာ



| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂ | မျက်စိနှင့်နား ခန္ဓာပေါ်ပုံ။---------- | ၂ |
| ၃ | နှာနှင့်လျှာ ခန္ဓာပေါ်ပုံ။------------ | ၃ |
| ၄ | ကိုယ်နှင့်မနော ခန္ဓာပေါ်ပုံ။-------- | ၄ |
| ၅ | မျက်စိနှင့်နား ခန္ဓာပေါ်ပုံ ပါဠိတော်နှင့် မြန်မာပြန်။--------------------- | ၅ |
| ၆ | အနံ့နှင့်လျှာ ခန္ဓာပေါ်ပုံ ပါဠိတော် နှင့် မြန်မာပြန်။--------------------- | ၆ |
| ၇ | ကိုယ်နှင့်မနော ခန္ဓာပေါ်ပုံ ပါဠိတော် နှင့် မြန်မာပြန်။ (ပုံစံပြ)----------- | ၇ |
| ၈ | မြင်စိတ်ပေါ်တွင် ဝိစိကိစ္ဆာရှင်း၍ သဿတ နှင့် ဥစ္ဆေဒဒိဋ္ဌိ ကွာပုံ။---- | ၈ |
| ၉ | ကြားစိတ်ပေါ်တွင် ဝိစိကိစ္ဆာ ရှင်း၍ သဿ တနှင့် ဥစ္ဆေဒဒိဋ္ဌိ ကွာပုံ။ (ပုံစံပြ)------------------------- | ၉ |
| ၁၀ | နံ့စိတ်ပေါ်တွင်ဝိစိကိစ္ဆာ ရှင်း၍ သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိကွာပုံ။(ပုံစံပြ) | ၁၀ |
| ၁၁ | စားစိတ်ပေါ်တွင် ဝိစိကိစ္ဆာ ရှင်း၍ သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိ ကွာပုံ။(ပုံစံပြ) | ၁၀ |

http://www.dhammadownload.com

# မာတိကာ



| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၂ | ကိုယ်၏တွေ့ထိစိတ်ပေါ်တွင် ဝိစိကိစ္ဆာ ရှင်း၍ သဿတ နှင့် ဉစ္ဆေဒဒိဋ္ဌိ ကွာပုံ။ (ပုံစံပြ) ------------------------ | ၁၂ |
| ၁၃ | မနောဝိဉာဏ်ပေါ်တွင် ဝိစိကိစ္ဆာ ရှင်း၍ သဿတ နှင့် ဉစ္ဆေဒဒိဋ္ဌိ ကွာပုံ။ (ပုံစံပြ) ------------------------ | ၁၃ |
| ၁၄ | မြင်စိတ် ပဋိစ္စသမုပ္ပါဒ်ပေါ်တွင် ဝိစိ ကိစ္ဆာ ရှင်း၍ သဿတနှင့် ဉစ္ဆေဒ ဒိဋ္ဌိ ရှင်းပုံ။ (စာနှင့်ပြ) --------------- | ၁၄မှ၁၈ |
| ၁၅ | မြင်၊ ကြား၊ နံ၊ စား မှာ ဉပေက္ခာ ဝေဒနာပေါ်ပုံ ပါဠိတော်။--------- | ၁၈ |
| ၁၆ | မနောအကြည်ပေါ်မှာ ကောင်းဆိုး ဝေဒနာပေါ်ပုံ။------------------ | ၁၉ |
| ၁၇ | မြင့်စိတ်မှ ကာယကံ၊ ဝစီကံ၊ မနောကံ အထိ စိတ္တသင်္ခါရတွေ ဆက်တိုက် ပေါ်ပုံ။ ------------------------ | ၂၅ |
| ၁၈ | နိဗ္ဗာန်လိုချင်ရင် ဘာလုပ်ရမည်နည်း အမေးအဖြေ-------------------- | ၂၉မှ၃၀ |

# မာတိကာ

http://www.myanmarebookdownload.com



| စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၁၉ | အရှုခံ+ခန္ဓာနှင့် ရှုဉာဏ်မဂ္ဂင်ငါးပါး ပုံစံပြ။ ---------------------------- | ၃၁ |
| ၂၀ | ကမ္မဇရုပ်နှင့် ဥတုဇရုပ် တို့ပုံစံပြ။--- | ၃၂ |
| ၂၁ | ရုပ်နှစ်ခု ပေါင်းစဲမှာ ရူပက္ခန္ဓာ နှင့်အတူ ပေါ်လာတာက ဝိဉာဏခန္ဓာ။ (ပုံစံပြ)------------------------ | ၃၃ |
| ၂၂ | ဝေဒနက္ခန္ဓာ ပေါ်ရာဌာန။--------- | ၃၃ |
| ၂၃ | သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ပေါ်ရာ ဌာန။---------------------------- | ၃၄ |
| ၂၄ | ခန္ဓာငါးပါးအပေါ်မှာ ရှုပုံရှုနည်းများ။ | ၃၅မှ၃၇ |
| ၂၅ | အရှုခံခန္ဓာပေါ်မှ ရှုဉာဏ်ပေါ်ပုံ။---- | ၃၈ |
| ၂၆ | ရှုဉာဏ်ကို ရေခွက်နှင့် ရေဥပမာပြပုံ။ | ၃၉ |
| ၂၇ | ကိလေသာကြားမခိုအောင်ရှုပွားနည်း။ | ၄၀ |
| ၂၈ | တရားရှုမှတ်နေစဉ်မှာ ဝိပ္ပလ္လာသ (၈)ချက် ပြုတ်ပုံ။------------------ | ၄၂မှ၅၃ |

http://www.dhammadownload.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စတ္တာရောအပါယာ သတဂေဟာ သဒိသာ

ဒိဋ္ဌိ မပြုတ်သေးသူများ၏ နေအိမ်သည် အပါယ် (၄)ဘုံဟု ဘုရားဟောတော်မူပါသည်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးလည်း ဟောတော်မူပါသည်။

သတ္တိယာဝိယဩမဋ္ဌော ဍယှမာနောဝ မတ္ထကေ
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သဂါထာ ဝဂ္ဂသံယုတ်၊
သတ္တိဝဂ္ဂသတ္တိသုတ္တ။
စာမျက်နှာ ၁၂ ။

ရင်ဝလှံစူး ထိပ်ဦးမီးလောင်တာထက် ဒိဋ္ဌိအမြန်ရှောင်ပါဟု ဘုရားဟော၍ မိုးကုတ်ဆရာတော်ဘုရားကြီးက ၁၇. ၃. ၆၁နေ့ဟောအမှတ်စဉ်စာအုပ်(၁၃)စာမျက်နှာ (၃၀၂)မှာဟောကြားဆုံးမထားပါသည်။

၁။ ဆရာကောင်းထံမှ နာကြားရမည့်တရားများမှာ -

http://www.dhammadownload.com


(က) ခန္ဓာ (၅) ပါး
(ခ) အာယတန (၁၂) ပါး
(ဂ) ဓာတ် (၁၈) ပါး
(ဃ) သစ္စာ (၄) ပါး
(င) ပဋိစ္စသမုပ္ပါဒ် တရားများဖြစ်ပါသည်။

မြတ်စွာဘုရားက "ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ သော ဓမ္မံ ပဿတိ ယော ဓမ္မံ ပဿတိ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ" အကြင်သူသည် ပဋိစ္စသမုပ္ပါဒ် တရားကိုသိ၏။ ထိုသူသည် တရားကိုသိ၏။ တရားသိသောသူသည် ပဋိစ္စသမုပ္ပါဒ်ကိုသိ၏ဟု မူလ ပဏ္ဏာသ ပါဠိတော် မဟာဟတ္ထိပဒေါပမသုတ် မှာ ဘုရားရှင်ဟောကြားတော် မူပါသည်။ ဖွားဖက်တော် ရှင်ဆန္နရဟန်းသည် ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနှင့် တရားအားထုတ်တာ တရားမရနိုင်ပါ။ ဘုရားပရိနိဗ္ဗာန်စံ ပြီးနောက်ညီတော် ရှင်အာနန္ဒာက ရှင်ဆန္နအား ပဋိစ္စသမုပ္ပါဒ်တရား ဟောပြသောကြောင့် တရားအားထုတ်သောအခါ ရှင်ဆန္နတရားရတော်မူပါသည်။ ပဋိစ္စသမုပ္ပါဒ် နားလည်မှ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ကွာပါ

http://www.dhammadownload.com


သည်။ ဒိဋ္ဌိမကွာဘဲနှင့် တရားအား ထုတ်လို့ တရား မရနိုင်ပါဟု ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားက အတိအလင်း ဟောထားပါသည်။

ပဋိစ္စသမုပ္ပါဒ်ဆိုသည်မှာ -

၁။ ဓမ္မဒေသနာ ပဋိစ္စသမုပ္ပါဒ်

၂။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်

ဤနှစ်မျိုးနားလည်ဖို့ အရေးကြီးပါသည်။ ကျွန်တော် ထုတ်ဝေသော စာအုပ်များတွင် ဒေသနာ ပဋိစ္စသမုပ္ပါဒ်ကို ကြေကြေလည်လည်အများကြီး ထည့် ပြီးပါပြီ။ ယခုထုတ်ဝေသော စာအုပ်မှာ အာရုံနှင့် ဓာတ်ရ တိုက်လို့ပေါ်သော ပဋိစ္စသမုပ္ပါဒ်ကို ဒိဋ္ဌိပြုတ် အောင် ဦးစားပေး၍ ရေးထားပါသည်။ ဒိဋ္ဌိသည် တခြား နေရာမှာမကပ်ပါ။ မနောမှာသာလျှင် ကပ်ပါသည်။ မနောမှာ သစ္စာဉာဏ်မရောက်သ၍ ကာလပတ်လုံး သမ္မာဒိဋ္ဌိဉာဏ်မဖြစ်ပါ။ သစ္စာတရားကို ဟောတတ် သောဆရာနှင့် တွေ့မှသာလျှင် မနောမှာ အသိနှင့်ဒိဋ္ဌိ ပြုတ်ပါသည်။

http://www.dhammadownload.com


၁။ သစ္စာတရားနာ၍ ဒိဋ္ဌိပြုတ်တာသည် အသိပြုတ်ဖြစ်ပါသည်။

၂။ သစ္စာတရားနာပြီး တရားအားထုတ်တာသည် အပွားပြုတ်ဖြစ်ပါသည်။

၃။ တရားအားထုတ်သောအခါဉာဏ်ရောက်မှ အပယ်ပြုတ်ဖြစ်ပါသည်။

ကျွန်တော်တို့အား ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကဟောကြားသည်မှာ ဒိဋ္ဌိ(၆၂) ပါး ရှိသော်လည်း ကျွန်တော်တို့ လွယ်လွယ်သိစေရန် ဒိဋ္ဌိအရင်းအမြစ်ဖြစ်သော -

၁။ သဿတဒိဋ္ဌိ

၂။ ဥစ္ဆေဒဒိဋ္ဌိတို့ကို ကြေကြေလည်လည် နားလည်ရန် ဟောကြားခဲ့ပါတယ်။

သက္ကာယဒိဋ္ဌိကိုရှင်းပြပါမည်။

အာရုံ၊ဒွာရတိုက်၍ ပစ္စုပ္ပန်ပေါ်သောခန္ဓာငါးပါး သက္ကာယတရားကို ငါဟုထင်တာက ဒိဋ္ဌိဖြစ်ပါသည်။ ခန္ဓာငါးပါးသည် သက္ကာယတရားဖြစ်ပါသည်။ ခန္ဓာငါးပါးကို ငါဟုစွဲယူတာက ဒိဋ္ဌိဖြစ်ပါသည်။

http://www.dhammadownload.com


သက္ကာယတရားကို ငါစွဲဒိဋ္ဌိနှင့် ပေါင်းတော့ သက္ကာယ ဒိဋ္ဌိ ဖြစ်ပါသည်။

၁။ ရူပက္ခန္ဓာ၊ ဖောက်ပြန်သော ရုပ်ကို ငါဟုထင်တာက သက္ကာယဒိဋ္ဌိ။

၂။ ဝေဒနက္ခန္ဓာ၊ ဝေဒနာခံစားမှုကို ငါဟုထင်တာက သက္ကာယဒိဋ္ဌိ။

၃။ သညာက္ခန္ဓာ၊သညာမှတ်သားမှုကို ငါဟုထင်တာက သက္ကာယဒိဋ္ဌိ။

၄။ သင်္ခါရက္ခန္ဓာ၊ သင်္ခါရပြုပြင်မှုကို ငါဟုထင်တာက သက္ကာယဒိဋ္ဌိ။

၅။ ဝိညာဏက္ခန္ဓာ၊ ဝိညာဏ်သိမှုကို ငါဟုထင်တာက သက္ကာယဒိဋ္ဌိ။

## သမ္မာဒိဋ္ဌိ

| | |
|---|---|
| ရုပ် | အနိစ္စ |
| ဝေဒနာ | အနိစ္စ |
| သညာ | အနိစ္စ |
| သင်္ခါရ | အနိစ္စ |
| ဝိညာဏ် | အနိစ္စ |

http://www.dhammadownload.com


ဒီဘဝမှ ဟိုဘဝသို့ ကူးသည်ဟုယူလျှင် သဿတဒိဋ္ဌိ၊ ရုပ်သာလျှင်သေ၍ သဖြိုဖျက်ရသည်၊ နာမ်တရား မသေဘူးဟုယူလျှင် သဿတဒိဋ္ဌိ၊ လူ့ဘဝသက်တမ်း သည် (၈၀)ဖြစ်၍ ငါ့အသက်(၇၀)ရှိပြီ၊ မသေနိုင်သေး ဘူး။ နောက်(၁၀)နှစ်နေရဦးမည်ဟုယူလျှင် သဿတ ဒိဋ္ဌိအယူဖြစ်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဆုံးမဩဝါဒပေးသောတရားမှာ ငါသည် မုချသေရမည် အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးဖို့ အရေးကြီးသည်ဟု ဟောခဲ့ပါသည်။

ဥပမာ

တရားယောဂီဒေါ်ခင်မြက တရားယောဂီ မအေးအား ရှေ့နှစ်တပေါင်းလမှာ ရွှေစက်တော် ဘုရားဖူး သွားရအောင်ဟု အဖော်စပ်သောအခါ မအေးက အကြောင်းအကျိုးသင့်လျှင် သွားတာပေါ့ဟု အဖြေကို ဒေါ်ခင်မြက ဒီအပြောမျိုးမကြိုက်ပါ။ သွားလျှင်သွားမယ်။ မသွားချင်ရင် မသွားဘူးဟု ပြတ်ပြတ် သားသားပြောပါလားဟု မေးသောအခါ မအေးကပြောသည်မှာ ကိုယ့်ရုပ်နာမ်ခန္ဓာကလည်း

http://www.dhammadownload.com



အနတ္တတရားဆိုတော့ ကိုယ့်ယောက်ျားနှင့် ကိုယ့်သားသမီး ခန္ဓာကလည်း အနတ္တတရားဆိုတော့ သူတို့တတွေနှင့် ကိုယ်ပါကျန်းမာရေး၊ လူမှုရေး အကြောင်းအကျိုးညီမှသာသွားဖြစ်မှာပေါ့။ သဿတဒိဋ္ဌိနှင့် သွားပါမယ်ဟု ကတိခံလို့ဖြစ်ပါ့မလား။ ဤအဖြေမျိုးသည် သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိလွတ်တဲ့အဖြေဖြစ်ပါသည်။ သစ္စာတရားနားလည်ထားလို့သာ ဒီအဖြေမျိုး ဖြေတာဖြစ်ပါသည်။ အချို့မှာသစ္စာတရားကို ကျကျနန မနာကြားခဲ့သော် ရောင်ဝါးဝါးနှင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကို ကွဲကွဲပြားပြားမသိကြပါ။ ကွဲကွဲပြားပြားမသိရင်ဒိဋ္ဌိမစင်ပါ။ ဒိဋ္ဌိမစင်ရင် သံသရာရှည်ဦးမှာပါခင်ဗျား။ လောကီစီးပွား ဥစ္စာရတနာနှင့်ပြည့်စုံသော သူများသည် သဿတဒိဋ္ဌိရှိကြသူများပါသည်။ များများလှူရင် လူချမ်းသာ၊ နတ်ချမ်းသာဘဝနှင့် သုဂတိဘုံမှာစံစားရပါသည်ဟု အယူရှိကြပါသည်။ သစ္စာ (၄)ပါးမြတ်တရားကိုနာကြား၍ တရားအားထုတ်သောသူသာလျှင်ဒိဋ္ဌိပြုတ်၍ အပါယ်(၄)ပါးက လွတ်မှာဖြစ်ပါသည်။

http://www.dhammadownload.com



ဥပမာ

ကောသလမင်းကြီး နှင့် ကြင်ယာတော် မာလ္လိကာ မိဖုရားကြီးတို့သည် ကြီးကျယ်သော အလှူမျိုးစုံ လှူခဲ့ပါသည်။ ဤကဲ့သို့ လှူနိုင်သူမရှိ၍ အသဒိသအလှူ ဟုထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ ဓိဋ္ဌိမပြုတ်ဘဲသေ သောကြောင့် ငရဲမှာ (၇)ရက် ခံရသည်ဟု မိုးကုတ် ဆရာတော် ဘုရားကြီးကဟောတာနာရဖူးပါသည်။ ဤမျှလောက်လှူသော်လည်းအပါယ်(၄)ပါး အကျိုးပေး ရခြင်းသည် ဒိဋ္ဌိ မပြုတ်သောဆိုးကျိုးသာ ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော် ဘုရာကြီးက သစ္စာမသိသော အလှူသည် နန်းတော် အိမ်တော်မှာ ရွှေဇလုံနှင့် စားရသော ဆင်ဖြူတော်ဘဝ အကျိုးပေးပုံ ဥပမာပြ၍ ဟောပါသည်။ အဲဒါသည် သဿတဒိဋ္ဌိ၏ အကျိုးဆက်ဖြစ်ပါသည်ခင်ဗျား။

နန်းတော်အိမ်တော်မှာ ရွှေဇလုံကြီးနှင့် ကောင်းကောင်း စားရတာက ကုသိုလ်အကျိုးဆက်ဖြစ်၍၊ ဆင်ဖြူတော် ဖြစ်ရတာကဒိဋ္ဌိမပြုတ်သေးတဲ့ အကျိုးဆက်က တိရစ္ဆာန် ဖြစ်ပါသည်။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိရှိသူများ အပါယ်(၄)ပါးစိတ်မချရသေးပါ။
သဿတဒိဋ္ဌိရှိသူများ အပါယ်(၄)ပါးစိတ်မချရသေးပါ။
ဥစ္ဆေဒဒိဋ္ဌိရှိသူများ အပါယ်(၄)ပါးစိတ်မချရသေးပါ။
သဿတဒိဋ္ဌိရှိသူများသည် အပြစ်တော့သေးတယ်။
ဘုံ(၃၁) ဒုက္ခသစ္စာမှ ကျွတ်တမ်းဝင်ဖို့ နွေးပါသည်။
ဒါန၊သီလ အလွန်ကြိုက်ပါသည်။ သစ္စာတရားအား
ထုတ်ဖို့တော့ ပေါ့ပေါ့တန်တန်လုပ်တတ်သည်။

## ဥစ္ဆေဒဒိဋ္ဌိ

၁။ သေလျှင်ပြီးတာပဲ ဘာမှမဖြစ်တော့ပါ။ ဥစ္ဆေဒဒိဋ္ဌိ
၂။ ကုသိုလ်အကျိုး၊ အကုသိုလ်အကျိုး၊နားမလည်ပါ။
၃။ အကုသိုလ်များများလုပ်သည်။
၄။ ကုသိုလ်လုပ်လျှင် အကျိုးပေးတာ နားမလည်ပါ။
ကုသိုလ်လည်းမလုပ်ပါ။ အကုသိုလ်တော့ များများ
လုပ်သည်။

အချို့ ဥစ္ဆေဒဒိဋ္ဌိသမားများသည် သစ္စာတရားကောင်း
ကောင်းဟောတတ်သော ဆရာကောင်းတရားနှင့် တွေ့
လျှင်ဥစ္ဆေဒအယူစွန့်၍ သမ္မာဒိဋ္ဌိအယူရပါတော့သည်။

F
1
B

http://www.dhammadownload.com



ဥပမာ -

အင်္ဂုလိမာလသည် လူကမိုက်တာလား။ မနော မှာကိန်းနေတဲ့ အယူကမိုက်တာလားဟု ယောဂီကို မေးလျှင် ဘယ်လိုဖြေမလဲ?။ အင်္ဂုလိမာလ ခန္ဓာငါးပါး ကလည်း ကျွန်တော်နှင့် ယောဂီတို့လို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ပါပဲ။ ထူးခြားတာက မနော မှာကိန်းနေတဲ့ ဗာလနှင့် ပဏ္ဍိတကို လူမိုက် လူလိမ္မာဟု ပြောနေတာပါ။ အများသူငါပြောကြတာက အင်္ဂုလိ မာလကြီး ဘုရား နှင့် မတွေ့ခင်က လူမိုက်ကြီး ဘုရား နှင့်တွေ့မှ လူလိမ္မာမှ ရဟန္တာဖြစ်သွားပါသည်ဟု အများကပြောကြပါသည်။ အမှန်စင်စစ်

လက်ညှိုးဖြတ်သော အင်္ဂုလိမာလသည် လူခန္ဓာငါးပါး ဖြစ်ပါသည်။ (လူပါပဲ) ဘုရားနှင့်တွေ့ပြီး သစ္စာတရား နာ၍ သပိတ်ပိုက်ခါ ရဟန္တာဘဝနှင့် ဆွမ်းခံသော အင်္ဂုလိမာလကြီးသည်လည်း လူခန္ဓာငါးပါးဖြစ်ပါ သည်။ (လူပါပဲ)။ လူမှာ မိုက်တာ၊ လိမ္မာတာမရှိပါ ခင်ဗျား။

http://www.dhammadownload.com



ကွားခြားမှုမှာ -

မနောမှာကိန်းသော ပဏ္ဍိတနှင့် ဗာလသည် အရေးအကြီးဆုံးဖြစ်ပါသည်ခင်ဗျား။

မနောမှာ မိစ္ဆာဒိဋ္ဌိဉာဏ်ကိန်းရင်သိလပျက်၍ ကာယကံမှား၊ ဝစီကံမှား၊ မနောကံမှားမှုကစပါသည်။ မနောကံမှားလျှင် အပါယ်(၄)ပါးရောက်မှာပါ။ အပါယ်(၄)ပါးရောက်လျှင် သုဂတိသို့ ပြန်လာစရာအကြောင်းမရှိတော့ပါ။ အမြဲအကုသိုလ် စေတသိက်နှင့် အဖော်ပြု၍ကာယကံမကောင်းမှုတွေ လုပ်လို့ပါခင်ဗျား။ အပါယ်(၄)ဘုံရောက်ရခြင်း အကြောင်းသည် မနောကံစေတနာက စခဲ့ပါသည်။ မနောရှေ့ပြေး၍ ကာယ၊ ဝစီနောက်ကလိုက်ပါသည်။ မဟာသောတာပန်တည်ရတာ မနောမှာ ပထမအရိယာမဂ်ကိန်းလို့ပါခင်ဗျား။ မဟာသောတာပန်မှ ရဟန္တာအရှင်သူမြတ်ဖြစ်ရတာ မနောမှာစတုတ္ထ အရိယာမဂ်ကိန်းလို့ပါခင်ဗျား။ ကံ(၃)ပါးထဲက မနောကံ(၃)ပါးကိုထုတ်ပြလိုပါတယ်။

http://www.dhammadownload.com



မနောမှာကိန်းသော မနောကံ(၃)ပါးမှာ

၁။ အဘိဇ္ဈာ
၂။ ဗျာပါဒ
၃။ မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသည်။

ဘာသာပြန်

၁။ အဘိဇ္ဈာ သူတစ်ပါးစည်းစိမ်ကိုတပ်မက်ခြင်း
၂။ ဗျာပါဒ မကောင်းကြံခြင်း
၃။ မိစ္ဆာဒိဋ္ဌိ မှားယွင်းသော အယူဝါဒ

မနောမှာ သမ္မာဒိဋ္ဌိဉာဏ်ရောက်လျှင် အပါယ်တံခါး ပိတ်၍ ကာယကံမှား၊ ဝစီကံမှားဟူ၍မရှိတော့ ပါခင်ဗျား။

ဤစာအုပ်ဖတ်သောယောဂီခင်ဗျား ဆရာ တော် ဘုရား၏ သစ္စာတရား ခန္ဓာမှာဉာဏ်ရောက်၍ မနောကံ (၃)ပါးထိန်းနိုင်လျှင် ကာယကံမှား၊ ဝစီကံမှား ဟူ၍မရှိတော့ ပါခင်ဗျား။

ယခုဒီစာအုပ်ဖတ်နေသော ယောဂီအား ယခု တရား ထိုင်ကြည့်ပါ။ ယောဂီကိုယ်တိုင်တွေ့သော ဖြစ်ပျက်ပေါ်တွင် ဒိဋ္ဌိ(၃)မျိုးပြုတ်ပုံပြပါမည်။

http://www.dhammadownload.com





ကြိုက်သလိုထိုင်ပါ။ တရားအပေါ်မှာသာ နှလုံးသွင်းပါ။ ခန္ဓာ အပြင်မှာ တရားမရှိပါဘူး။ ပစ္စုပ္ပန်အာရုံနှင့် ဒွါရတိုက် ၍ပေါ်သော တရားကို စူးစိုက်သောဉာဏ်နှင့်ကြည့်ပါ။ ဖြစ်ပြီးတော့ပျက်သွားတဲ့ တရားတွေပါလိမ့်မည်။ အဖြစ်သည် အလိုလိုပေါ်တာမဟုတ်ပါ။ အာရုံနှင့်ဒွါရ တိုက်၍အဖြစ်ပေါ်မှန်းသိတော့ ဉစ္ဆေဒဒိဋ္ဌိစင်ပါသည်။ ဖြစ်တဲ့ တရားကပျက်သွားတာ ဉာဏ်ကမြင်တော့ သဿတဒိဋ္ဌိစင်ပါသည်။ ဖြစ်တာနှင့်ပျက်တာ ဉာဏ်အောက်မှာ တစ်ပြိုင်တည်းမြင်တော့ သက္ကာယဒိဋ္ဌိ စင်ပါသည်။

http://www.dhammadownload.com



သဿတဒိဋ္ဌိဆိုတာ ခိုင်တယ်၊ မြဲတယ်ဟု မနောက စွဲယူထားတာ။ ဥစ္ဆေဒဒိဋ္ဌိဆိုတာ အကြောင်း အကျိုး နားမလည်ဘဲနဲ့ အပြတ်ယူတာပါ။ သက္ကာယ ဒိဋ္ဌိဆိုတာ ပေါ်ဆဲခန္ဓာကို ငါ့မှာဖြစ်နေတယ်။ ပျက်နေ တယ်ဟု စွဲယူသောအယူဖြစ်ပါသည်ခင်ဗျား။ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီးဟောကြားသည်မှာ (၆၂) ပါးသော ဒိဋ္ဌိအယူရှိသူသည် အပါယ်တံခါး မပိတ်နိုင် ပါ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ကျွန်တော်တို့လို လူပိန်းတွေနားလည်စေရန် (၆၂)ပါး သောဒိဋ္ဌိ အရင်းအမြစ်ကို ဖော်ပြပုံမှာ -

၁။ သဿတဒိဋ္ဌိ အဆက်မှား

၂။ ဥစ္ဆေဒဒိဋ္ဌိ အပြတ်မှား

၃။ အမရာဝိက္ခေပဒိဋ္ဌိ အပိုင်းအခြားမရှိသော အယူမျိုးစုံတို့နှင့် ပြန့်လွင့်ခြင်း။

၄။ ကေစိ သဿတဒိဋ္ဌိ အချို့မြဲသည်။ အချို့မမြဲဘူးဟု ယူသော အယူယူခြင်း။

http://www.dhammadownload.com



နိယတမိစ္ဆာဒိဋ္ဌိ(၃)မျိုး

၁။ နတ္ထိကဒိဋ္ဌိ – ကုသိုလ်နှင့် အကုသိုလ် အကျိုး မရှိဟုယူခြင်း။ "အဇိတကေသ ကမ္ဗလ" မည်သော ဒိဋ္ဌိဆရာကြီးယူသော အယူဖြစ်ပါသည်။

၂။ အကိရိယဒိဋ္ဌိ – ကောင်းမှု မကောင်းမှုတို့ကို ပြုခြင်းကို ပယ်သောအယူ။ "ပူရာဏကဿပ"မည်သော ဒိဋ္ဌိဆရာကြီးယူသော အယူဖြစ်ပါသည်။

၃။ အဟေတုကဒိဋ္ဌိ – ကောင်းမှု မကောင်းမှုတို့သည် အကြောင်းကင်း၍ ဖြစ်သည်ဟုယူခြင်း။ "မက္ခလိဂေါသာလ" မည်သော ဒိဋ္ဌိဆရာကြီးယူသော အယူဖြစ်ပါသည်။

http://www.dhammadownload.com



သဿတဒိဋ္ဌိအဆက်မှားပုံမှာ–
ဝိပါကဝဋ်ခန္ဓာလူ၏သက်တမ်းသည် (၈၀)နှစ်နေရသည်ဟု ဆိုကြသည်။ အသက်(၈၀)နေရမည်ဟု အယူရှိလျှင် သဿတဒိဋ္ဌိအယူရှိပါသည်။
အချို့သောသူများသည် နိဗ္ဗာန်ရွှေပြည်ကြီးဟူ၍သော်လည်းကောင်း၊ နိဗ္ဗာန်မှာ ဘုံနန်းဗိမာန်ရှိသည်ဟု အယူရှိလျှင် သဿတဒိဋ္ဌိပါခင်ဗျား။ အဘယ်ကြောင့်ဆိုသော်ခန္ဓာအနိစ္စပေါ်မှာဉာဏ်မရောက်လို့ပါခင်ဗျား။
အသက်(၇၀)ပြည့်လျှင် ဗုဒ္ဓဂယာသို့ဘုရားဖူး သွားမည်ဟု ဆိုလျှင် မမြဲနိုင်သောခန္ဓာအနိစ္စနှင့် အစိုးမရသော ခန္ဓာအနတ္တကို မြဲသည်၊ အစိုးရသည်ဟု ယူလျှင် သဿတဒိဋ္ဌိပါခင်ဗျား။

## ဥစ္ဆေဒဒိဋ္ဌိ အပြတ်မှား

ပဝတ္တိ ရုပ်နာမ်ချုပ်၍ ဘာမှမဖြစ်တော့ဘူးဟု အယူရှိခဲ့သော် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါသည်။
နိဗ္ဗာန်သည်ဘာမှမဟုတ်ဘူး။ ဘာမှမရှိဘူးဟု အယူရှိခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါသည်။

http://www.dhammadownload.com


## နိဗ္ဗာန်သည်

၁။ အတ္ထိနိဗ္ဗာန် = အမှန်ရှိသောနိဗ္ဗာန်
၂။ သုခနိဗ္ဗာန် = ချမ်းသာစစ်ရှိသောနိဗ္ဗာန်
၃။ အသင်္ခတနိဗ္ဗာန် = မပြုမပြင်ပင်ကိုရှိတဲ့နိဗ္ဗာန်

အို ... ယောဂီ တရားထိုင်သောအခါ အဖြစ်မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ အပျက်မြင်လျှင် သဿတဒိဋ္ဌိစင်ပါသည်။ ဖြစ်တာနှင့်ပျက်တာ မြင်လျှင် သက္ကာယဒိဋ္ဌိစင်ပါသည်။

## အမရာဝိက္ခေပဒိဋ္ဌိ

အပိုင်းအခြားမရှိသော အယူမျိုးစုံတို့နှင့် ပြန့်လွင့်ခြင်း။

၁။ သန္တာတရားလည်းနာတာပဲ၊
၂။ ဘိုးတော်တွေစီးပြောတဲ့သူ မစလိမ့်မယ်ဆိုလည်း ယုံတာပဲ။
၃။ နတ်စီးပြောတဲ့လူကလည်း စီးပွားဥစ္စာလာဘ်လာဘ ပေးမယ်ဆိုလည်းယုံတာပဲ။

http://www.dhammadownload.com


အမရာဝိက္ခေပဒိဋ္ဌိဆိုတာ အမရာငါးကိုဖမ်းရခက်သလို ဘယ်အယူကိုယူပါသည်ဆိုတာ အပြောရခက်သလိုပါပဲ။ ဘုရားအယူသည် ကိုယ်ပြုတဲ့ကံအတိုင်း ရောက်ရာဘဝမှာ အကျိုးပေးသည်ဟု သိသော အယူဖြစ်ပါသည်။

အတိတ်ကကိုယ်ပြုခဲ့တဲ့ ကံတရားအတိုင်း ယခုဘဝမှာ အကျိုးစီးပွား လာဘ်လာဘရကြပါသည်။ ဂေါတမဗုဒ္ဓကလည်း တစ်ယောက်သောသူကို လာဘ်လာဘရအောင် မလုပ်နိုင်ပါ။

သားတော်ရာဟုလာအား နိဗ္ဗာန်သို့ ထမ်းမခေါ်နိုင်ပါ။ သားတော် ရာဟုလာနှင့်သင့်တဲ့ တရားပေး၍ ရာဟုလာကိုယ်တိုင်ကျင့်မှရတဲ့ တရားမျိုးပါ။

## စီးပွားဥစ္စာကို

၁။ ဘိုးတော်တွေက မပေးနိုင်ပါ။
၂။ နတ်မျိုးစုံကလည်း မပေးနိုင်ပါ။
၃။ ဝိဇ္ဇာဓိုရ်ကလည်း မပေးနိုင်ပါ။
၄။ ဇော်ဂျီကလည်း မပေးနိုင်ပါ။
၅။ တပသီကလည်း မပေးနိုင်ပါ။

http://www.dhammadownload.com


## ကမ္မဿကာရကောနတ္ထိ

ကမ္မဿ–ကောင်းကံ၊ မကောင်းကံကို ကာရကော ပြုလုပ်နိုင်သောသူသည်၊ နတ္ထိ - မရှိပါ။

## ကေစ္စသဿတဒိဋ္ဌိ

အချို့မြဲသည်၊ အချို့မမြဲဘူးဟုယူသောအယူ

အထက်ဂိုဏ်း

အောက်ဂိုဏ်း

၁။ ငှက်ဓာခိုရ်

၂။ ဇော်ဂျီ

၃။ တပဿီ

အထက်ဂိုဏ်းတို့ကို ကိုးကွယ်လျှင် အကျိုးပေးမြဲသည်။ အောက်လမ်းကိုးကွယ်လျှင် အကျိုးပေးမမြဲဘူးဟု ယူသော အယူမျိုးကို ကေစ္စသဿတဒိဋ္ဌိအယူဖြစ်ပါသည်။ ဘုရားဟောသော ကမ္မဿကတသမ္မာဒိဋ္ဌိက လွဲ၍ ဘယ်ဒိဋ္ဌိအယူပဲဖြစ်စေကာမူ ဘုရားအကြိုက် မဟုတ်ပါခင်ဗျား။

http://www.dhammadownload.com



## ကျွန်တော်ကိုယ်တိုင် အထက်ဂိုဏ်းအလုပ်တွေ လုပ်ခဲ့ဖူးပါသည်။

ကျွန်တော့်အသက် (၃၅)နှစ်အရွယ်မှာ ကျွန်တော်၏ဒေါ်ဒေါ်က နေ့စဉ် လုပ်နိုင်းသည်မှာ-

၁။ ဂုဏ်တော်ပုတီးစိပ်ရမည်။

၂။ မွေးနေ့နှင့် ဥပုသ်နေ့မှာ သက်သတ်လွတ်စားရမည်။

၃။ ကင်ါးပါးမှ သုရာမေရယနှင့် ကာမေသုထိန်းရမည်။

၄။ ဝက်သားနှင့် အမဲသားရှောင်ရမည်။

အမဲသားကို ငယ်တဲ့အရွယ်မှစ၍ယခုတိုင် မစားပါ။ ကျွန်တော်တို့ မျိုးရိုးသည်ရွှေလုပ်ငန်းနှင့် အသက်မွေးသူဖြစ်ပါသည်။ (၁၉၆၅)ခုနှစ်မှာ တောင်ကြီးနှင့် လားရှိုးမှရွှေကို မန္တလေးနှင့်ရန်ကုန်ရောင်းပါသည်။ ရန်သူမျိုး ငါးပါးမတွေ့ပါ။ ကျွန်တော်၏နေအိမ်က မကွေးမြို့မှာဖြစ်ပါသည်။ (၁၉၆၈)ခုနှစ် ဘယ်လမှာ မမှတ်မိတော့ပါ။ ၄င်းနေ့ နံနက်(၇)နာရီ၊ (၈)နာရီအချိန်မှာ လက်ဖောင်းသားတွေ ဘယ်နှင့်ညာမှာ တအားလှုပ်နေ၍ ဒုက္ခတစ်ခုခုတော့ တွေ့ပြီဟု ယုံကြည်ပါသည်။ ကျွန်တော်သည် ဘုရားရှေ့မှာ အမွှေးတိုင်ထွန်းပြီး ဂုဏ်တော်ပုတီးကို တအားစိပ်နေချိန်မှာ လူ(၃)ယောက်က အိမ်ပေါ်တက်လာ၍ ဦးခင်စိုးအားစစ်စရာရှိ၍ မန္တလေးသို့ မနက်ဖြန်လေယာဉ်နှင့် လိုက်ခဲ့ပါဟု အကြောင်းကြားသွားပါသည်။ မန္တလေးမှာစစ်ဆေးမေးမြန်းသောအခါ ရွှေချောင်း အရောင်းအဝယ်လုပ်တာသိ၍ ထောင်ထဲမှာထိန်းသိမ်းထားပါသည်။ (၉)လပြည့်သောအခါ လွှတ်လိုက်ပါသည်။

(၁၉၇၅)ခုနှစ် လမမှတ်မိပါ။ မန္တလေးမှဝယ်သော ရွှေဖျက်၂ပိဿာ၅ဝသား ကို အခေါက်ရွှေချတ်ရန် ရန်ကုန်သို့ ကျွန်တော်ဇနီးနှင့်သွားကြ၍ ရထားပေါ် ရောက်နေချိန် ရထားမထွက်မီ နာရီဝက်အလိုမှာ ဘယ်လက်ဖောင်းနှင့် ညာ လက်ဖောင်း တအားလှုပ်ပြ၍ ကျွန်တော်မိန်းမက ရန်ကုန်မသွားဖို့တားပါသည်။

http://www.dhammadownload.com



ကျွန်တော့်ကိုတားၡ၍မရသောကြောင့် ရထားပေါ်မှမဆင်းဘဲ နှစ်ယောက်အတူ ရန်ကုန်သို့ သွားကြပါသည်။ ညောင်လေးပင်ဘူတာမှာ ဝရမ်းအဖွဲ့တက်လာ၍ အိတ်နှင့် ပါလာသောငွေတွေသိမ်းပြီး ရန်ကုန်မီးရထားရဲအပ်၍ (၃)ညအချုပ်ခံရသည်။ ရန်ကုန်စစ်ထောက်လှမ်းရေးကခေါ်၍ ကျွန်တော့်ကို မေးမြန်းစစ်ဆေးသောအခါ အမှန်အကန်ဆိုတာသိ၍ ကျွန်တော့်အား မီးရထားရဲက အာမခံပေးပါသည်။ တရားရုံးကအမှုစစ်ပြီးသောအခါ ငွေပစ္စည်းများပြန်ရပါသည်။ အမှုစစ်တာ(၇)လကြာပါသည်။ အမှုကုန်ကျငွေမှာ ငွေ ၁၁ကျပ် ၈ပဲသား ဖြစ်ပါသည်။ အမှုအတွင်းမှာ ငွေဈေး ၁ ကျပ်သားကို ၉၀၀ကျပ်ဈေး ဖြစ်သည်။ အမှုပြီးတော့ ၁၃၀၀ကျပ် ဈေးဖြစ်ပါသည်။ အမှုပြီးသောအခါ သံဝေဂရပါသည်။ ငွေရအောင်ရှာသော်လည်း ချမ်းသာစစ်မရပါလားဟု သိလာပါသည်။ တရားသာလျှင်အေးချမ်းသည်ဟု ကြားဖူးပါသည်။ မိုးကုတ်ဆရာတော်ဘုရား တရားစခွေ (၃)ခွေဝယ်၍ နာပါသည်။ တရားကြိုက်၍ (၁၉၉၆)ခုနှစ်မှစ၍ မိုးကုတ်ယောဂီဖြစ်လာပါသည်။

ယခုစိတ်ပုတီး စိပ်တာသည် လောကီအကျိုးပါ၊ တရားအားထုတ်တာက လောကုတ္တရာအကျိုးပါဟု ကွဲကွဲပြားပြား သိတာက သစ္စာတရားတော်၏ ဂုဏ်ကျေးဇူးပါခင်ဗျား။

သက်သတ်လွတ်လည်း မစားတော့ပါ။

ဝက်သားလည်းစားပါသည်။ သို့သော် မစားတာကြာ၍ "လျှာ" မရဲတော့ပါ။

နေ့စဉ်ငါးပါးသီလထက်ပိုသောကိုယ်ကျင့်သီလစောင့်ထိန်းပါသည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနှင့် ပြည့်စုံအောင်နေပါသည်။

မနောမှာ အဘိဇ္ဈာ၊ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိရှင်းအောင်နေပါသည်။

နေ့စဉ်အချိန်ရှိသ၍တရားမှတ်စိတ်နှင့် နေသည်။ ဓမ္မမိတ်ဆွေများလာလျှင်လည်း တရားစကားများပြောသည်။ တရားစာအုပ်ကြည့်သည်။ တရားနာသည်။ လူမှုန်းသိကတည်းက ဆင်းရဲခဲ့တာ တရားနဲ့တွေ့တော့မှ ကိလေသာအပူမရောသော ချမ်းသာစစ်နှင့် နေရပါသည်။

ကိလေသာ မာရရန္တော ဂစ္ဆတိတိ မဂ္ဂါ ဤပါဠိတော်စာကို အဓိပ္ပါယ်

http://www.dhammadownload.com


ပေါက်အောင် ကြိုးစားဖတ်ပါ ယောဂီခင်ဗျား။

ဘုရားဂုဏ်တော်ကိုပါး၅တ်ဘာသ်သရဇ္ဈာယ်တာကောင်းပါသည်။ သူ့ထက်ကောင်းတာက ဓဝဓနာနိရောခါ တဏှာနိရောဓေါ အလုပ်ပါခင်ဗျား။

၁။ သောတာပန်ဘယ်ကပြစ်၊ ဓဝဓနာနှင့် တဏှာကြားကပြစ်ပါသည်။

၂။ သကဒါဂါမ်ဘယ်ကပြစ်၊ ဓဝဓနာနှင့် တဏှာကြားကပြစ်ပါသည်။

၃။ အနာဂါမ်ဘယ်ကပြစ်၊ ဓဝဓနာနှင့် တဏှာကြားကပြစ်ပါသည်။

၄။ ရဟန္တာဘယ်ကပြစ်၊ ဓဝဓနာနှင့် တဏှာကြားကပြစ်ပါသည်။

၅။ ဘုရားဘယ်ကပြစ်၊ ဓဝဓနာနှင့် တဏှာကြားကပြစ်ပါသည်။

အကျဉ်းရှုန်းပြရလျှင် ပစ္စုပ္ပန်ပေါ်စဲ ခန္ဓာနောက်က ဉာဏ်မဂ္ဂလိုက်လျှင် လူဖြစ်ကျိုးနပ်၍ သေပျော်ပါပြီခင်ဗျား။

ဝိပဿနာအားထုတ်သောသူ၏ ကုသိုလ်ဓောသည် ပစ္စုပ္ပန်နှင့် သံသရာနှစ်ဖြာ အကျိုးပေးပါသည်ဟု ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောထားပါသည်။ ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်တွေကို ဖော်ပြရခြင်းသည် ကြွားလို၍ မဟုတ်ပါ။

အမှန်စင်စစ် လူ့သီလမြဲခြင်း၏ အကြောင်းနှင့် ဘုရားဂုဏ်တော်(၉)ပါးကို ရှိစိုးပူဇော်၅တ်ဘာသ်သရဇ္ဈာယ်သော ကောင်းမှု၏ ရလာဒ်အကျိုးတရားသည် ကမ္မဇိစ္ဆိရှိသော သူတော်ကောင်းပုဂ္ဂိုလ်နှင့် ဒိဗ္ဗစက္ခုဉာဏ်ရသော ပုဂ္ဂိုလ်များက သူတို့တတ်နိုင်သော အလုပ်နှင့်ကူညီ၍ အသားလွှပ်ပြသော သတိပေးစောင့်ရှောက်တဲ့သဘောကို ပေါ်လွင်စေချင်လို့ ရေးသားပြခြင်းဖြစ်ပါသည်။

ကျွန်တော့်မှာ ယခုအထိ ယခင်စောင့်ရှောက်နေသော ပုဂ္ဂိုလ်ထူးများကအကြောင်းကြီးငယ်ရှိလျှင် ဘယ်လက်မောင်းသားလှုပ်ပါသည်။ ကြီးလျှင် ညာနှင့် ဘယ်ပါလှုပ်၍ သတိပေးတာရှိပါသည်။

ဂုဏ်တော်(၉)ပါးစိတ်ပုတီးစိပ်၍ သီလမြဲသောသူလည်း ဒိဋ္ဌိမပြုတ်လျှင် အပါယ်(၄)ပါး စိတ်မချရသေးပါခင်ဗျား။

http://www.dhammadownload.com



## ဂုဏ်တော်(၉)ပါး ပုတီးစိပ်နည်း

၁။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ အရဟံ
လဆန်း(၉)ရက်နေ့မှ တစ်နေ့ပုတီး(၁)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၂။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ သမ္မာသမ္ဗုဒ္ဓေါ
(၉)ရက်ပြီး၍ နောက်တစ်ရက်မှစ၍ သမ္မာသမ္ဗုဒ္ဓေါ တစ်နေ့ပုတီး(၂)ပါတ်
(၉)ရက်တိတိစိပ်ရပါသည်။
၃။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
တစ်နေ့ပုတီး(၃)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၄။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ သုဂတော
တစ်နေ့ပုတီး(၄)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၅။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ လောကဝိဒူ
တစ်နေ့ပုတီး(၅)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၆။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ အနုတ္တရောပုရိသ ဓမ္မသာရထိ
တစ်နေ့ပုတီး(၆)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၇။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ သတ္ထာဒေဝ မနုဿာနံ
တစ်နေ့ပုတီး(၇)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၈။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ ဗုဒ္ဓေါ
တစ်နေ့ပုတီး(၈)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။
၉။ ကြောင်နစေမော ဗုဒ္ဓါယ သောဘာဂဝါဏ္ဏတိပိ ဘဂဝါ
တစ်နေ့ပုတီး(၉)ပါတ် (၉)ရက်တိတိစိပ်ရပါသည်။

နောက်ပုတီးတစ်ပြန်မှာလည်း လဆန်း(၉)ရက်နေ့မှစ၍ စိပ်ရပါသည်။

http://www.dhammadownload.com



ကျွန်တော်၏ယုံကြည်ချက်ကို စာဖတ်သူယောဂီအား တင်ပြလိုပါသည်။ မနုဿတ္တဘာဝေါဒုလ္လဘော အလွန်ရခဲသော လူ့ဘဝမှာ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ။ သူတော်ကောင်းတရားကို ကြားနာဘို့ရန် အလွန်ခဲယဉ်းသည် ဆိုသော်လည်း မိုးကုတ်ဆရာတော်ဘုရားကြီးတရားပွင့်ထွန်းချိန်မှာ -

၁။ ဒေသနာ ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ရပါမည်။

၂။ ခန္ဓာ၏ ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ရပါမည်။

၃။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်လည်း အသိရှင်းရပါမည်။

၄။ ဒိဋ္ဌိလည်းပြုတ်ရပါမည်။

၅။ ဖြစ်ပျက်မြင်အောင် အားထုတ်ချိန်မှာလည်း ဒိဋ္ဌိ (၃)မျိုး ပြုတ်နေပါသည်။

ယခုတင်ပြသလောက် သိအောင် ကြိုးစားဘို့တ ယောဂီတာဝန်ပါခင်ဗျား။ လောကုတ္တရာမှာ အပွါယ်လေးပါး ထံခါးပိတ်နိုင်ထာတခဏာ သဇ္ဇာတရေးကလွဲ၍ အာမှမရှိပါခင်ဗျား။ ယောဂီတရားအားထုတ်ချိန်မှာဖြစ်ပျက်ကို ရှုမှတ်သော ဝိပဿနာဉာဏ်နှင့်မြင်တိုင်း၊ မြင်တိုင်း ဇော(၇)ကြိမ်နှင့် မြင်သည်ဟု မှတ်ထားပါ။ (၁၀. ၈. ၁၉၅၈)-ခုနှစ် ဟောသော တရားတော်နာလျှင် ဇော(၇)ကြိမ်ပို၍ အသိရှင်းပါမည်။

ဝိပဿနာ ပဌမဇောသည် ဤဘဝ ဤခန္ဓာမှာ အကျိုးပေးသည်။ သတ္တမဇော သည် ဒုတိယဘဝမှာ အကျိုးပေးသည်။ အလယ်ဇော(၅)ချက်သည် ခန္ဓာရှိ သလောက် အကျိုးပေးသည်။ ဝိပဿနာဇောသည် လောကီလောကုတ်နှစ်ဖြာ အကျိုးပေးသည်ဟု ယုံကြည်ပါ။ တရားရှုမှတ်သောယောဂီသည် ကိလေသာမရော သော အလောဘ၊ အဒေါသ၊ အမောဟ စေတသိက်တရား များကို ဉာဏ်မဝင်နှင့် ရှုမှတ်နေချိန်တွင် ကုသိုလ်တကာတို့၏ အမြတ်ဆုံးကုသိုလ်သည် ဝိပဿနာ ကုသိုလ် ဖြစ်ပါသည်။ (ဝါ) ဝိပဿနာတရား အားထုတ်နေချိန်သာဖြစ်ပါသည် ခင်ဗျား။ ယခုပစ္စုပ္ပန်လောကမှာ အစွမ်းထက်လှသော သမထယာနိကာမှ ဗုဒ္ဓါ နုဿတိဘုရားဂုဏ်တော်(၉)ပါးကို အဓိဋ္ဌာန်နှင့် စိတ်ပုတီးစိပ်သောပုဂ္ဂိုလ်သည် ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူဖြစ်ခဲ့သော် ယခုမသေခင်လောကမှာ မျက်နှာပွင့်၍ လူချစ်လူခင်ပေါခြင်း၊ စီးပွားဥစ္စာများကို ရန်သူမျိုးငါးပါးမှ ကင်းလွတ်ခြင်း၊ အတိတ်ကံနည်း၍ မချမ်းသာသော်လည်း လာဘ်လာဘတိုးတက်ခြင်း၊ ကမ္မဇိဒ္ဓိ

http://www.dhammadownload.com



ရှိသော ပုဂ္ဂိုလ်ထူးများက စောင့်ရှောက်ခြင်းနှင့် ပြည့်စုံပါသည်။ ရတနာသုံးပါး ယုံကြည်ရမည်။ ကိုယ်ကျင့်သီလရှိ၍ တရားအားထုတ်သောယောဂီသည် ထူးခြားသော လောကီ၊ လောကုတ်နှစ်ဖြာအကျိုးထူးရပါသည်။ ဘုရားဂုဏ်တော် ပုတီးစိပ်တာသည် လောကီအကျိုးပေးပါသည်။

သစ္စာတရားနာပြီး တရားအားထုတ်မှသာလျှင် အပါယ်တံခါးပိတ်၍ နိဗ္ဗာန် တံခါးပွင့်မှာဖြစ်ပါသည်။

ယခုစာရေးသူအား (၁၀)ရက်စခန်းပွဲ ပင့်လိုလျှင် တရားလိုက်ဟောနိုင်ပါ သည်။ စခန်းပွဲမှာ တစ်နေ့ (၄)ကြိမ်ဟောနိုင်သည်။ ကျွန်တော့်အတွက် စမွှပ္ပအလုံးဝလက်မခံပါ။ ပင့်လိုလျှင် အနည်းဆုံးတစ်လ ကြို၍ ရက်ချိန်း တောင်းယူပါ။

(၇)ရက်စခန်း (သို့မဟုတ်) (၁၀)ရက်စခန်း ဖြစ်ရမည်။ အသွားအပြန် အကြိုအပို့တာဝန်ယူရမည်။ စခန်းပွဲမှာ ကျွန်တော်တစ်ယောက်တည်းသာ သီးသန့်ဟောလိုပါသည်။ အနည်းဆုံး တရားစခန်းဝင်ယောဂီ (၁၀၀)အောက် မဖြစ်စေလိုပါ။

တရားဟော ပင့်ရန် (၁၂)လ ကာလပတ်လုံး တံခါးဖွင့်ထားပါသည်။

ဦးခင်စိုး
မိုးကုတ်ဝိပဿနာပြန့်ပွားရေး
အမှတ်(၁၇၁) မြစန္ဒာလမ်း၊ အောင်တော်မူရပ်၊
၆၂× ၆၃လမ်းကြား၊ ၂၇× ၂၈လမ်းကြား၊
မန္တလေးမြို့။ ဖုန်း – ၆၆၂၀၉

http://www.dhammadownload.com



## ထုတ်ဝေသူ၏အမှာစာ

နိဗ္ဗာန်ကိုလိုချင်လျှင် ဒိဋ္ဌိ အရင်ဖြုတ်ပါ။


ဒိဋ္ဌိဖြုတ်မည်ဆိုလျှင် ဓမ္မာပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ လိုသည်။ ဓမ္မာပဋိစ္စသမုပ္ပါဒ် နားလည် အောင် ဆရာကောင်းရှာပါ။ ဆရာကောင်းထံ ဓမ္မာမှာ အကြောင်းအကျိုးဆက်တဲ့တရားနာမှဒိဋ္ဌိအသိနှင့်ဖြုတ် မည်။ အဲဒါမှ ယောနိသောမနသိကာရော ဆိုသော နှလုံးသွင်းမှန်မည်။ နှလုံးသွင်းမှန်မှသာ ဓမ္မာ နုဓမ္မပဋိ ပတ္တိ ဖြစ်မည်။ ယခုတရားသည် ဒိဋ္ဌိသုံးမျိုး ဖြုတ်နည်း တရားတော် နှင့် တရားအားထုတ်နည်း ဖြစ်ပါသည်။


ကိုယ်စိတ်နှစ်ပါး တရားကိန်း၍
ရွှင်လန်းချမ်းမြေ့ကြပါစေ

ဦးခင်စိုး
မိုးကုတ်ဝိပဿနာပြန့်ပွားရေး
၂၇×၂၈ ကြား၊ အောင်တော်မူရပ်၊
မြစန္ဒာလမ်း၊ မန္တလေးမြို့။
ဖုံး - ၆၆၂၀၉

http://www.dhammadownload.com






http://www.dhammadownload.com

# ဒိဋ္ဌိသုံးမျိုးဖြစ်တတ်နည်း







http://www.dhammadownload.com



# ဦးခင်စိုး ပြုစုသော



http://www.dhammadownload.com



၁။ စက္ခုဉ္စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။

၁။ မျက်စိနှင့်အဆင်းက အကြောင်းပြု၍ မြင်စိတ်ဖြစ်ပေါ်ပါသည်။ ဤသုံးခုပေါင်းစုံခြင်းကြောင့် ခံစားမှုဝေဒနာပေါ်ပါသည်။ ခံစားမှုကြောင့် လိုချင်သောတဏှာ ဖြစ်ပါသည်။ လိုချင်သောကြောင့် စွဲလမ်းတဲ့ဥပါဒါန်ဖြစ်ပါသည်။ စွဲလမ်းသောကြောင့် အားထုတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်ကြပါသည်ခင်ဗျား။

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေစဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။

၂။ နားနှင့်အသံကအကြောင်းပြု၍ကြားစိတ်ပေါ်ပါသည်။ ဤသုံးခုပေါင်းစုံခြင်းကြောင့် ခံစားမှု ဝေဒနာဖြစ်ပါသည်။ ခံစားမှုကြောင့်လိုချင်သော တဏှာ ဖြစ်ပါသည်။ လိုချင်သောကြောင့် စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်ပါသည်။ စွဲလမ်းသောကြောင့် အားထုတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်ကြပါသည်ခင်ဗျား။

http://www.dhammadownload.com


၃။ ယာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ၊ ဖဿော၊ ဖဿ ပစ္စယာဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။

၃။ နှာနှင့်အနံ့က အကြောင်းပြု၍ နံစိတ်ပေါ်ပါသည်။ ဤသုံးခုပေါင်းစုံခြင်းကြောင့် ခံစားမှု ဝေဒနာ ဖြစ်ပါသည်။ ခံစားမှုကြောင့် လိုချင်သော တဏှာ ဖြစ်ပါသည်။ လိုချင်သောကြောင့် စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်ပါသည်။ စွဲလမ်းသောကြောင့် အားထုတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်ကြပါသည်ခင်ဗျား။

၄။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ တိဏ္ဏံ သင်္ဂတိ၊ ဖဿော၊ ဖဿ ပစ္စယာဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။

၄။ လျှာနှင့် စားစရာက အကြောင်းပြု၍ စားစိတ်ပေါ်ပါသည်။ ဤသုံးခုပေါင်းစုံခြင်းကြောင့် ခံစားမှု ဝေဒနာ ဖြစ်ပါသည်။ ခံစားမှုကြောင့် လိုချင်သော တဏှာ ဖြစ်ပါသည်။ လိုချင်သောကြောင့် စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်ပါသည်။ စွဲလမ်းသောကြောင့် အားထုတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်ကြပါသည် ခင်ဗျား။

http://www.dhammadownload.com




၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ၊ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။

၅။ ကိုယ်အကြည်နှင့် တွေ့ထိစရာကအကြောင်းပြု၍ ထိသိစိတ်ပေါ်ပါသည်။ ဤသုံးခုပေါင်းစုံခြင်းကြောင့် ခံစားမှုဝေဒနာဖြစ်ပါသည်။ ခံစားမှုကြောင့် လိုချင်သောတဏှာ ဖြစ်ပါသည်။ လိုချင်သောကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်ပါသည်။ စွဲလမ်းမှုကြောင့် အားထုတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်ကြပါသည် ခင်ဗျား။


၆။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ၊ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။

၆။ မနောအကြည်နှင့် တွေးယူရသော သားသမီးစိတ်၊ စီးပွားစိတ်ပေါ်ပါသည်။ ဤသုံးခုပေါင်းစုံခြင်းကြောင့် ခံစားမှုဝေဒနာဖြစ်ပါတယ်။ ခံစားမှုကြောင့် ချစ်ခင်သော တဏှာ ဖြစ်ပါတယ်။ ချစ်ခင်သောကြောင့် စွဲလမ်းရတဲ့ ဥပါဒါန် ဖြစ်ပါသည်။ စွဲလမ်းသောကြောင့် အားထုတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်ကြပါသည်ခင်ဗျား။

http://www.dhammadownload.com




http://www.dhammadownload.com




http://www.dhammadownload.com





http://www.dhammadownload.com





http://www.dhammadownload.com

ကံကြောင့်ဖြစ်တဲ့ရုပ် → 

ဥတုကြောင့်ဖြစ်တဲ့ရုပ် → တွေ့ထိစရာ

ရူပက္ခန္ဓာ ရုပ်

ဝိညာဏက္ခန္ဓာ
သိမှု
ဝေဒနာက္ခန္ဓာ
ခံစားမှု
နာမ်ခန္ဓာ (၄)ပါး
မှတ်သားမှု
သညာက္ခန္ဓာ
ပြုပြင်မှု
သင်္ခါရက္ခန္ဓာ

အာရုံ္ဘာရတိုက်လို့ ပေါ်တာသိတော့ ဥစ္ဆေဒဒိဋ္ဌိစင်တာပေါ့ အကြောင်းသိတော့ ဝိစိကိစ္ဆာစင်ပါတယ် →

← တွေ့ထိခန္ဓာ သန္တတိတရားသည် အပျက်တွေတော့ သဿတဒိဋ္ဌိ စင်ပါတယ်


တွေ့ထိစိတ် အကြောင်းကြောင့်ပေါ်သော ဝေဒနာမှန်း သိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် → မနောမှာ ပေါ်သော | ဝေဒနာသင်္ခါရ တရား ← တွေ့ထိစိတ်တပြုံပြုံလို့ ပေါ်လာတဲ့သင်္ခါရတရားသည် အပျက်တွေ့တော့ သဿတဒိဋ္ဌိစင်ပါတယ်

ဝေဒနာကြောင့်ပေါ်သော တဏှာမှန်း သိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် → မနောမှာ ပေါ်သော | တဏှာ တရား ← ဝေဒနာပြုံပြုံလို့ပေါ်လာတဲ့ တဏှာသင်္ခါရတရားဗို့ အပျက်တွေ့တော့ သဿတဒိဋ္ဌိစင်ပါတယ်

တဏှာကြောင့်ပေါ်ရသော ဉပါဒါန်မှန်း သိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် → မနောမှာ ပေါ်သော | ဥပါဒါန် တရား ← တဏှာပြုံပြုံလို့ပေါ်ရသော ဥပါဒါန်သည် အပျက်တွေ့တော့ သဿတဒိဋ္ဌိစင်ပါတယ်

ဥပါဒါန်ကြောင့်ပေါ်ရသော ကမ္မမှန်း သိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် → မနောက ညွှန်ကြားသော | ကာယကံ၊ဝစီကံ မနောကံ ← ဥပါဒါန်ပြုံပြုံလို့ပေါ်ရသော ကာယကံ၊ဝစီကံ၊မနောကံသည် သင်္ခါရတရားပါး အနိစ္စမှာ လမ်းဆုံး သောကြောင့် သဿတဒိဋ္ဌိစင်ပါတယ်၊ သေပြီး အတိခန္ဓာတော့ရှုမြင်၍ ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်၊

http://www.dhammadownload.com




http://www.dhammadownload.com



စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ

ကံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




အထက်ဖော်ပြပါ မြင်စိတ်သည် အလိုလို ဖြစ်တာမဟုတ်ပါဘူး။ မျက်စိပသာဒတည်း ဟူသော ကမ္မဇရုပ် ကို အဆင်းတည်းဟူသော ဥတုဇရုပ် က တိုက် သောကြောင့် မြင်စိတ်ဖြစ်ပေါ်ရတာပါ။ အဘယ့် ကြောင့် မျက်စိကို ကမ္မဇရုပ် ဟု ခေါ်ရသလဲမေးစရာရှိ သလို အဆင်းကိုလည်း အဘယ့်ကြောင့် ဥတုဇရုပ် ဟု ခေါ်ရသလဲဟု မေးစရာရှိပါတယ်။

http://www.dhammadownload.com



၁။ မျက်စိအကြည်ကို ကမ္မဇရုပ် ဆိုတာကတော့ စန္တာရုပ် အကြည်သည် ကံ ကြောင့်ဖြစ်လို့ပါ။ "တစ်နည်းမှာ မျက်စိအကြည်ကို မပုပ်မသိုး အောင် ကံ။ စိတ်။ ဥတု။ အဟာရ က စောင့်ထိန်းထားပါတယ်။

၂။ အဆင်းသည် ဥတုဇရုပ် ဆိုတာကတော့၊ မြင်ရ သော တောတောင်ရေမြေ အဆင်းများသည် ဥတု ကြောင့်ဖြစ်တဲ့ သဘောပါပဲ။

၃။ ကမ္မဇရုပ် နဲ့ ဥတုဇရုပ် တိုက်ရင် နာမ်စန္တာ ၄ ပါး ပေါ်ပါတယ်။ ဥပမာ-မျက်လုံး အကြည် နှင့် အဆင်းတိုက်ရင် မြင်စိတ် စက္ခုဝိညာဏ် ပေါ် ပါတယ်။

| | | |
|---|---|---|
| ၄။ | မျက်စိအကြည်ရုပ်<br>ဥတုဇရုပ် | မြင်စိတ်ပေါ်တယ်။ |
| ၅။ | ကမ္မဇရုပ်<br>ဥတုဇရုပ် | တိုက်လျှင်ဝိညာဏ် ပေါ်တယ်။ |
| ၆။ | အခံဓါတ်<br>အတိုက်ဓါတ် | တိုက်လျှင်အပွင့်ဓါတ် ပေါ်တယ်။ |

၇။ အာရုံဒွါရ တိုက်လျှင် စန္တာငါးပါး ပေါ်တယ်။

http://www.dhammadownload.com



၈။ တနည်း နာမ် တရား နာမ်ခန္ဓာ၄ပါး ပေါ်သည်။ မျက်စိနှင့်အဆင်း တိုက်လျှင် ဝိညာဏ်ပေါ်သည်။

၉။ ဒီဝိညာဏ်သည် အလိုလိုပေါ်တာလား၊ အာရုံ ဒွါရတိုက် လို့ ပေါ်တာလား။

၁၀။ အာရုံ ဒွါရ တိုက် လို့ ဝိညာဏ်ပေါ်မှန်းသိတော့ ဝိစိကိစ္ဆာ မစင်ဘူးလား။

၁၁။ ဝိစိကိစ္ဆာ ဆိုတာ တခြားလား ရုပ်နာမ်ခန္ဓာ သင်္ခါရ တရားအပေါ်မှာ အကြောင်းအကျိုး ဆက်တာသိတော့ ယုံမှား သံသယ ကင်းတာပါ။

၁၂။ ယုံမှား သံသယ ကင်းမှ ဝိစိကိစ္ဆာ ရှင်းတယ် ဝိစိကိစ္ဆာ ရှင်းမှ ဒိဋ္ဌိ ပြုတ်တယ်။

၁၃။ ဒိဋ္ဌိ ပြုတ် မှ အပါယ် (၄) ပါးကလွတ်တယ်။

၁၄။ မြင်စိတ်သည်အလိုလိုပေါ်တာ မဟုတ်ဘူး။ အာရုံ ဒွါရတိုက်လို့ ပေါ်လာတယ်ဆိုတာသိလို့၊ မြင်စိတ်အပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိ စင်တာပေါ့။

၁၅။ ဥစ္ဆေဒဒိဋ္ဌိ ဆိုတာ ပြုလုပ်တာမှန်သမျှ ပြတ်တဲ့ အယူဟုခေါ်ပါတယ်။

http://www.dhammadownload.com



၁၆။ ဥစ္ဆေဒဒိဋ္ဌိ ဆိုတာပျက်သွားပြီး ဘာမှပေါ်မလာတာကို ဆိုတာပါ။

၁၇။ ယခုတော့ အာရုံခွါရ တိုက်ပြီး ပြတ်သွားသလား၊ ဝိညာဏ် ပေါ်တာလား။

၁၈။ ဝိညာဏ် ပေါ်တာတွေ့ရပါတယ်။ ဝိညာဏ်ပေါ်တာတွေ့ရတော့ ဥစ္ဆေဒဒိဋ္ဌိ စင်လို့ပေါ့။

၁၉။ မြင်စိတ်သည် အလိုလို ပေါ်တာလား။ ကမ္မဇရုပ်နှင့် ဥတုဇရုပ် တို့ ပြုပြင်လို့ ပေါ်တာလားမေးရင်

၂၀။ မြင်စိတ်သည် အလိုလိုပေါ်တာမဟုတ်ပါ ဘူး။ ကမ္မဇရုပ်နှင့် ဥတုဇရုပ် တို့ ပြုပြင်သော သင်္ခါရတရားပါ။

၂၁။ သင်္ခါရတရား ဆိုတာ ပေါ်လဲပေါ်တယ်။ ပျက်လဲပျက်တဲ့တရားပါ။

၂၂။ သင်္ခါရတရား ဘယ်မှာလမ်းဆုံးသလဲ မေးရင် အနိစ္စ မှာဆုံးပါတယ်။


၂၃။ မြင်စိတ် သင်္ခါရ ဆိုတာ အနိစ္စ မှန်းသိတော့ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ အယူရှိသေးသလား။

http://www.dhammadownload.com


၂၄။ မြင်စိတ်သည် သင်္ခါရ တရားမမြဲမှန်းသိ တော့ သဿတဒိဋ္ဌိ စင်တာပေါ့။

၂၅။ ယခုပေါ်နေသော မြင်စိတ် သင်္ခါရ တရား သည် အာရုံဒွါရ ပြုပြင်၍ ပေါ်လာတဲ့ တရားမို့ ဘာသင်္ခါရလဲဆိုရင် စိတ္တသင်္ခါရ ပါခင်ဗျား။

ကံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




ဤမြင်စိတ်သည် အဗျာကတတရားပါ ကောင်းဆိုး ခံစားခွင့်သူမှာ မရှိပါ အဲဒါကြောင့် ဘုရားက-
ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်
ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်
ဥပေက္ခာ သဟဂုတ် ဃာနဝိညာဏ်
ဥပေက္ခာ သဟဂုတ် ဇိဝှာဝိညာဏ်
မြင်စိတ်။ ကြားစိတ်။ နံစိတ်။ စားစိတ်တို့ ပေါ်မှ သာ ဥပေက္ခာဝေဒနာ ပေါ်တာပါ။

http://www.dhammadownload.com



မနော
အကြည်မှာ
ကောင်းဆိုး
ဝေဒနာ
ပေါ်သည်

မနော အကြည်ပေါ်မှာပေါ်တဲ့ ဝေဒနာ ကတော့ ကောင်းတာလဲသိတယ်။ ဆိုးတာလဲသိတယ်။ အဲဒါကြောင့် ကောင်းဆိုးသိတာ မနောဝိညာဏ် ပါ။

၂၆။ အာရုံဒွါရ တိုက်၍ပေါ်သော မြင်စိတ်မို့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

၂၇။ မြင်စိတ်သည် သင်္ခါရ တရားမို့ အနိစ္စ မှာ လမ်းဆုံးသောကြောင့် သဿတဒိဋ္ဌိ စင်ပါ တယ်။

၂၈။ မြင်စိတ်သည် အာရုံဒွါရ ပြုပြင်၍ ပေါ်လာ သော တရားမို့ ဘာသင်္ခါရ လဲဟုမေးလျှင် စိတ္တသင်္ခါရ ဖြစ်ပါသည်။ စက္ခုဒွါ၊ ပဋိစ္စ၊ ရူပေစ၊ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ၊ ဝေဒနာ။

၂၉။ ယခုပေါ်တဲ့ဝေဒနာသည် အလိုလိုပေါ်တာ လား။ စက္ခုဝိညာဏ်ကြောင့် ပေါ်တာလား လို့မေးရင်။

http://www.dhammadownload.com



၃၀။ စက္ခုဝိညာဏ် ကြောင့်ပေါ်သော ဝေဒနာ ဖြစ်ခြင်းကြောင့် ဤခံစားမှု ဝေဒနာ သည် သင်္ခါရတရားပါ။

၃၁။ ဤဝေဒနာသည် ပြုပြင်၍ပေါ်ရသော သင်္ခါရတရားဖြစ်ခြင်းကြောင့် အနိစ္စမှာ လမ်းဆုံးပါတယ်။

၃၂။ ဝေဒနာသင်္ခါရတရားသည် အလိုလိုပေါ်တာလား ဝိညာဏ်ကြောင့်ပေါ်မှန်းသိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

၃၃။ စက္ခုဝိညာဏ် သည် အလိုလိုပေါ်တာ မဟုတ်ဘူး။ အဆင်းရုပ်နှင့် မျက်စိအကြည်တို့ ပေါင်းစုံလို့ပေါ်တာသိတော့ ဝိစိကိစ္ဆာ ရှင်းပါတယ်။

၃၄။ ဘယ်လိုအကြောင်းကြောင့် မြင်စိတ်ပေါ်ရသလဲ ဆိုတာ ယုံမှားသံသယ ဝိစိကိစ္ဆာဖြစ်တာကို ဆိုလိုတာပါ။

၃၅။ မြင်စိတ်သည် အာရုံ့ဒွါရ တိုက်၍ ပေါ်မှန်းသိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

http://www.dhammadownload.com



၃၆။ မြင်စိတ်သည် ပြုပြင်၍ပေါ်ရသော သင်္ခါရ တရားဖြစ်သောကြောင့် အနိစ္စ မှာ လမ်းဆုံး သောကြောင့် သဿတဒိဋ္ဌိစင်ပါတယ်။

၃၇။ မြင်စိတ်သည် ပြုပြင်၍ပေါ်ရသော တရား ဖြစ်သောကြောင့် သင်္ခါရ တရားပါ။

၃၈။ ဘာသင်္ခါရ လဲဟုမေးရင် စိတ္တသင်္ခါရ ပါ ခင်ဗျာ။ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိဖဿော ဖဿ ပစ္စယာ ဝေဒနာ

၃၉။ မနော မှာပေါ်တဲ့ ကောင်းဆိုးသိသော ဝေဒနာ သည် အလိုလိုပေါ်တာလား။ စက္ခုဝိညာဏ် က ကျေးဇူးပြုလို့လား။

၄၀။ စက္ခုဝိညာဏ် က ကျေးဇူးပြုသောကြောင့် ဒီ ဝေဒနာ သည် သင်္ခါရ တရားပါ။

၄၁။ ဒီ သင်္ခါရ တရားသည် အနိစ္စ မှာ လမ်းဆုံး ပါတယ်။

၄၂။ သင်္ခါရအနိစ္စကို ဉာဏ် ကမြင်တော့ သဿတ ဒိဋ္ဌိ စင်ပါတယ်။

၄၃။ ဝေဒနာ သည် စက္ခုဝိညာဏ် က ကျေးဇူး ပြုမှန်းသိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

http://www.dhammadownload.com



၄၄။ ဝေဒနာသည် စက္ခုဝိညာဏ်ကကျေးဇူး ပြု၍ပေါ် ရတဲ့တရားဖြစ်သောကြောင့် သင်္ခါရ တရားပါ။

၄၅။ ဝေဒနာသင်္ခါရ တရားသည် အနိစ္စ မှာ လမ်းဆုံး ရသောကြောင့် ပျက်ပါတယ်။

၄၆။ ဝေဒနာသင်္ခါရတရား၏ အနိစ္စ ကို ညာဏ်က မြင်တော့ခိုင်တယ်၊ မြဲတယ်ဟူသော သဿတ ဒိဋ္ဌိ စင်ပါတယ်။

၄၇။ ဝေဒနာ သည် ခန္ဓာငါးပါး ထဲက ဝေဒနက္ခန္ဓာ ဆိုသော သက္ကာယတရား ဖြစ်ခြင်းကြောင့် ထင်ရှားရှိသော ဝေဒနက္ခန္ဓာပေါ်မှာငါဟူ၍ မှားယွင်းသော ဒိဋ္ဌိကို ညာဏ်ကမကပ်သော ကြောင့် ခန္ဓာငါးပါး အပေါ်မှာ ညာဏ် မြင်မှန် သောကြောင့် သက္ကာယဒိဋ္ဌိ စင်ပါတယ်။

၄၈။ ဒိဋ္ဌိ (၃) မျိုးစင်တာသည် အလိုလို စင်တာလား၊ ခန္ဓာ ဖြစ်စဉ်အပေါ်မှာ အကြောင်းအကျိုး ဆက်မှုတွေကို ညာဏ် ကမြင်တော့ ဝိစိကိစ္ဆာ ရှင်းလို့ ဒိဋ္ဌိ စင်တာပါ။

http://www.dhammadownload.com



၄၉။ မေးပါတယ်။
ဝိစိကိစ္ဆာ ရှင်းလို့ ဒိဋ္ဌိ စင်တာလား။
၅၀။ ဒိဋ္ဌိ စင်လို့ ဝိစိကိစ္ဆာ ရှင်းတာလား။
၅၁။ ဝိစိကိစ္ဆာ က ရှေ့ကရှင်းလို့လား ဒိဋ္ဌိ က ရှေ့က စင်လို့လားဆိုတာ သေသေချာချာ မှတ်၍ စဉ်းစဉ်းစားစားဖြေပါ။
၅၂။ အဖြေမှာ = စက္ခုဝိညာဏ်သည် အလိုလို ပေါ်တာမဟုတ်ဘူး။ အာရုံနှံ့ခါရ တိုက်လို့ ပေါ်မှန်းသိတော့ ဝိစိကိစ္ဆာ ရှင်းတယ်။
၅၃။ စက္ခုဝိညာဏ် ဆိုတာ ခန္ဓာငါးပါး ထဲကပါ။ ပြုပြင်လို့ပေါ်လာတဲ့ သင်္ခတပရမတ် တရားဟု ပိုင်ပိုင်နိုင်နိုင် ရဲရဲတင်းတင်း မှန်မှန်ကန်ကန် သိတာသည် ဝိစိကိစ္ဆာ ရှင်းလို့ပါ။
၅၄။ ဘာပြုလို့ ဝိစိကိစ္ဆာ ရှင်းသလဲဟုမေးရင် ခန္ဓာသည် အလိုလိုပေါ်တာမဟုတ်ဘူး။ အာရုံနှံ့ခါရ တိုက်လို့ ပေါ်လာတာဆိုတာ သိလို့ဆိုတော့ ဝိစိကိစ္ဆာ ရှင်းပါတယ်။
၅၅။ အဲဒါကြောင့် ဝိစိကိစ္ဆာ ရှင်းလို့ပေါ်လာတဲ့ တရားပေါ်မှာ မှားယွင်းတဲ့ ဒိဋ္ဌိစင်တာပေါ့။

http://www.dhammadownload.com



စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ။ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿ ပစ္စယာ ဝေဒနာ။ ဝေဒနာ ပစ္စယာ တဏှာ သည် အလိုလိုပေါ် တာလားလို့မေးရင် ဘုရားကဟောသော ပါဠိတော် မှာ ဝေဒနာ ပစ္စယာ တဏှာ လို့ ဟောတာပေါ့။

၃၆။ ဝေဒနာ ကြောင့် တဏှာ ပေါ်မှန်းသိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်တာပေါ့။

၃၇။ ဝေဒနာ ပြုပြင်၍ တဏှာ ပေါ်တယ်ဆို တော့ ဤ တဏှာ သည် ဝေဒနာ ပြုပြင်၍ ပေါ်ရ သော သင်္ခါရ တရားပါ။


၃၈။ သင်္ခါရ တရားသည် အနိစ္စမှာ လမ်းဆုံးတယ် ဆိုသောကြောင့် လေ့လာလိုက်စားသော ယောဂီမှာ ဉာတပရိညာ နှင့် သဿတဒိဋ္ဌိ စင်ပါ တယ် ခင်ဗျား။

၃၉။ အဖြစ်သိတာသည် ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။ အပျက်သိတာသည် သဿတဒိဋ္ဌိ စင်တယ်။ ဖြစ်ပျက်သိတာသည်သက္ကာယဒိဋ္ဌိ စင်ပါတယ်။

http://www.dhammadownload.com



# ဒိဋ္ဌိသုံးမျိုးဖြတ်နည်း



http://www.dhammadownload.com



၆၀။ ဓေဒနာပစ္စယာ၊ တဏှာ ဟု ပါဠိတော် ကဆို သောကြောင့်ပစ္စယာရဲ့သတ္တိသည် အကြောင်း ကိုသိမ်းဆည်းသိတာဆိုသောကြောင့် ဝိစိကိစ္ဆာ ရှင်းပါတယ်။ ဝိစိကိစ္ဆာ နှင့် ပတ်သက် ၍လည်း အကြောင်းအကျိုး အတော်စုံလင်အောင် ဤစာအုပ်တွင် ရေးခဲ့ပါပြီ။

ပါဠိတော် မှာ တဏှာပစ္စယာ ဥပါဒါန် ဟုဟော ထားပါတယ်။

၆၁။ တဏှာပစ္စယာ ဥပါဒါန် ဆိုတော့ စွဲလမ်းတဲ့ ဥပါဒါန် သည် အလိုလိုဖြစ်တာမဟုတ်ဘူး။ တဏှာ ကြောင့်ပေါ်ရတဲ့ ဥပါဒါန် ဟု သေသေ ချာချာသိရလို့ ဥပါဒါန် အပေါ်မှာ ဘယ်လို ကြောင့် ပေါ်လာရပါသလဲဟု ဝိစိကိစ္ဆာ စင်ပါ တယ်။

၆၂။ တဏှာသည် သင်္ခါရတရား၊ အနိစ္စ မှာ ဆုံး သောကြောင့် တဏှာ အပေါ်မှာ သဿတ ဒိဋ္ဌိ စင်ပါတယ်။

http://www.dhammadownload.com



၆၃။ တဏှာ အလိုလိုပေါ်တာမဟုတ်ဘူး။ ဝေဒနာ ကြောင့် ပေါ်မှန်းသိတော့ တဏှာ အပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

၆၄။ တဏှာပစ္စယာ ဥပါဒါန်သည် အလိုလိုပေါ်တာ မဟုတ်ဘူး။ တဏှာ ကြောင့်ပေါ်သော ဥပါဒါန် အပေါ်မှာ ဝိစိကိစ္ဆာ ရှင်းပါတယ်။

၆၅။ တဏှာပစ္စယာ ဥပါဒါန် ဟု ပါဠိတော် မှာ တွေ့ရ၍ ဥပါဒါန် အပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်ပါတယ်။

၆၆။ ဥပါဒါန် ဆိုသောတရားသည် ခန္ဓာ ဖြစ်စဉ် ထဲက ထင်ရှားရှိသော သက္ကာယ တရားအပေါ် မှာ ငါဟူသော ဒိဋ္ဌိ ကင်းစင်အောင် ဉာဏ် က မြင်လာသောကြောင့် သက္ကာယဒိဋ္ဌိစင်ပါတယ်။

၆၇။ ဥပါဒါန် သည် ပြုပြင်၍ပေါ်လာရသော သင်္ခါရ တရားမို့ အနိစ္စ မှာ လမ်းဆုံးရပါတယ်။

http://www.dhammadownload.com



၆၈။ ဥပါဒါန် တရားသည် အနိစ္စ လမ်းဆုံးသော ကြောင့် ခိုင်တယ်၊ မြဲတယ်ဟူသော သဿတ ဒိဋ္ဌိဉာဏ် က ကင်းစင်အောင် သိပါတယ်။

ဥပါဒါနပစ္စယာကမ္မဘဝ ဆိုတော့ ကမ္မဘဝ သည် အလိုလိုဖြစ်တာမဟုတ်ပါ ဥပါဒါန် စွဲလမ်းလို့ပါ။

၆၉။ ဥပါဒါန် ကြောင့်ဖြစ်ရသော ကမ္မဘဝမို့ ဤ ကမ္မဘဝ သည် သင်္ခါရ တရားပါ။

၇၀။ သင်္ခါရတရား အနိစ္စ မှာလမ်းဆုံးသော ကြောင့် ခိုင်မြဲတဲ့အယူ ကင်းစင်သော ကြောင့် ကမ္မဘဝ အပေါ်မှာ သဿတဒိဋ္ဌိ စင်ပါတယ်။

ကမ္မဘဝ သည် အလိုလိုပေါ်တာမဟုတ်ဘူး။

ဥပါဒါန် ကြောင့် ဖြစ်လာရတဲ့ ကမ္မဘဝပါ။

ဤ ကမ္မဘဝ သည် ဥပါဒါန် ကြောင့်ပေါ်ရတဲ့ တရားမို့ ဉစ္ဆေဒဒိဋ္ဌိ ကင်းစင်ပါတယ်။

http://www.dhammadownload.com



၇၁။ ကမ္မဘဝ အပေါ်မှာ အဖြစ်သိတော့ ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်ပါတယ်။

၇၂။ ကမ္မဘဝ အပျက်ကိုသိတော့ သဿတဒိဋ္ဌိ ကင်းစင်ပါတယ်။

၇၃။ ကမ္မဘဝသည် ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်တယ်၊ ဖြစ်ပျက်သိတော့ သက္ကာယဒိဋ္ဌိ စင်ပါတယ်။

အဖြစ်သိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

အပျက်သိတော့ သဿတဒိဋ္ဌိ စင်ပါတယ်။

ဖြစ်ပျက် သိတော့ သက္ကာယဒိဋ္ဌိ စင်ပါတယ်။

၁။ မေး နိဗ္ဗာန်လိုချင်ရင် ဘာလုပ်ရမည်နည်း။

ဖြေ ဝိပဿနာ တရားအားထုတ်ရပါမည်။

၂။ မေး ဝိပဿနာ တရားအားထုတ်မည်ကြံရင် သူ့ရှေ့နားက ဘာကိုအသိနှင့် ဖြုတ်ထား ရမည်နည်း။

ဖြေ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အသိနှင့် ဖြုတ်ထား ရပါမည်။

http://www.dhammadownload.com



၃။ မေး ဓိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဖြုတ်မည်ကြံရင် ဘာ နားလည်ထားရမည်နည်း။

ဖြေ ခန္ဓာပဋိစ္စသမုပ္ပါဒ် ကို နားလည်ထားရ ပါမည်။

၄။ မေး ဓိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကို ပဌမဦးစွာ ဘာ ကြောင့် ဖြုတ်ရပါမည်နည်း။

ဖြေ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကို ပိတ်ပင်တားဆီး တတ်သောကြောင့်။

၅။ မေး ဒီဟာတွေဘာမှမသိဘဲနှင့် ပယ်နိုင်ဖို့ မခဲ ယဉ်းဘူးလား။

ဖြေ အလွန်တရာခဲယဉ်းပါသည်။ သို့ဖြစ်ပါ၍ မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီး က ဤတရားတွေ ကိုသိအောင် သင်ပေး တတ်သော ဆရာကောင်းတွေကို တွေ့ အောင်ရှာပါဟု အခါအခွင့်သင့်တိုင်း မှာ ကြားခဲ့ပါသည်။

http://www.dhammadownload.com



အပြည့်အစုံသိလိုလျှင် မန္တလေးမြို့၊ အောင်တော်မူ မိုးကုတ်ဝိပဿနာပြန့်ပွားရေးမှ ထုတ်သော ဉာဏပရိညာစာအုပ် စာမျက်နှာ ၃၃ မှာ ရှုပါ။

## တရားအားထုတ်မယ်ဆိုရင်

### အာရုံခံခန္ဓာ (၅) ပါး၊ ရှုဉာဏ်မဂ္ဂင် (၅) ပါး တင်ပြပါမည်ခင်ဗျား

ရူပက္ခန္ဓာ
ဝေဒနက္ခန္ဓာ
သညာက္ခန္ဓာ
သင်္ခါရက္ခန္ဓာ
ဝိညာဏက္ခန္ဓာ
} ခန္ဓာ (၅) ပါး အာရုံခံတရား

သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပ
သမ္မာဝါယာမ
သမ္မာသတိ
သမ္မာသမာဓိ
} မဂ္ဂင် (၅) ပါး ရှုဉာဏ်တရား

http://www.dhammadownload.com



ပိဿာချိန် ၃၀-၄၀ ရှိသော ခန္ဓာကိုယ်ကြီးမှာ အကြည်ရုပ် (၆) ခု ရှိပါတယ်။

| | | |
|---|---|---|
| မျက်စိ | အကြည် | ကမ္မဇရုပ်အခံဓါတ် (၆) ပါး |
| နား | အကြည် | |
| နှာ | အကြည် | |
| လျှာ | အကြည် | |
| ကိုယ် | အကြည် | |
| မနော | အကြည် | |

| | | |
|---|---|---|
| အဆင်း | အာရုံ | ဥတုဇရုပ်အတိုက်ဓါတ်(၆)ပါး |
| အသံ | အာရုံ | |
| အနံ့ | အာရုံ | |
| အရသာ | အာရုံ | |
| တွေ့ထိစရာ | အာရုံ | |
| ကြံတွေးစရာ | အာရုံ | |

F ကမ္မဇရုပ် နဲ့
4
B ဥတုဇရုပ်တိုက်ရင် } နာမ်ခန္ဓာ (၄)ပါးပေါ်တယ်။

အာရုံ = ဒွါရ တိုက်လျှင် ဝိညာဏ်ပေါ်တယ်။

http://www.dhammadownload.com



| | | |
|---|---|---|
| မျက်စိ | အဆင်း | မြင် စိတ် |
| နား | အသံ | ကြား စိတ် |
| နှာ | အနံ့ | နံ စိတ် |
| လျှာ | အရသာ | စား စိတ် |
| ကိုယ် | တွေ့ထိစရာ | တွေ့ထိ စိတ် |
| စိတ် | ကြံတွေးစရာ | ကြံတွေး စိတ် |
| ရုပ်နှစ်ခုပေါင်းဆုံဆဲမှာ ရူပက္ခန္ဓာ | | ပေါ်တာက ဝိညာဏက္ခန္ဓာ |

မြင် ခံစား
ကြား ခံစား
နံ ခံစား
စား ခံစား
ထိ ခံစား
တွေး ခံစား
} ဝေဒနာက္ခန္ဓာ

F
4
A

http://www.dhammadownload.com



မြင် မှတ်သား

ကြား မှတ်သား
နံ မှတ်သား
စား မှတ်သား
ထိ မှတ်သား
တွေး မှတ်သား
} သညာက္ခန္ဓာ

မြင်အောင် ပြုပြင်
ကြားအောင် ပြုပြင်
နံအောင် ပြုပြင်
စားအောင် ပြုပြင်
ထိအောင် ပြုပြင်
တွေးအောင် ပြုပြင်
} သင်္ခါရက္ခန္ဓာ

| | | |
|---|---|---|
| မျက်စိနှင့်အဆင်းက | = | ရူပက္ခန္ဓာ |
| မြင်ခံစားက | = | ဝေဒနာက္ခန္ဓာ |
| မြင်မှတ်သားက | = | သညာက္ခန္ဓာ |
| မြင်အောင်ပြုပြင်တာက | = | သင်္ခါရက္ခန္ဓာ |
| မြင်စိတ်က | = | ဝိညာဏက္ခန္ဓာ |

http://www.dhammadownload.com



## အရှုခံခန္ဓာ (၅) ပါးမှ

| | |
|---|---|
| ရုပ်ကို | ရှုမလား |
| ဝေဒနာ | ရှုမလား |
| သညာ | ရှုမလား |
| သင်္ခါရ | ရှုမလား |
| ဝိညာဏ် | ရှုမလား |

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာ ဤ (၄) ဖြာ
ဖြစ်ပေါ်ရာ ရှုရမည်။

| | | | |
|---|---|---|---|
| ၁။ | ရုပ် | ကိုရှုရင် | ကာယာနုပဿနာ |
| ၂။ | ဝေဒနာ | ကိုရှုရင် | ဝေဒနာနုပဿနာ |
| ၃။ | ဝိညာဏ | ကိုရှုရင် | စိတ္တာနုပဿနာ |
| ၄။ | သညာ | ကိုရှုရင် | ဓမ္မာနုပဿနာ |
| | သင်္ခါရ | ကိုရှုရင် | |

## ရုပ်ကိုရှုရင် ကာယာနုပဿနာ

| | |
|---|---|
| ၁။ အဆင်းရုပ် မမြဲတာ နောက်စိတ်ကသိတာ | ဝိပဿနာ |
| ၂။ အသံ ရုပ် မမြဲတာ နောက်စိတ်ကသိတာ | |
| ၃။ အနံ့ ရုပ် မမြဲတာ နောက်စိတ်ကသိတာ | |
| ၄။ ရသ ရုပ် မမြဲတာ နောက်စိတ်ကသိတာ | |
| ၅။ ကာယပသာဒ ရုပ်မမြဲတာ နောက်စိတ်ကသိတာ | |

http://www.dhammadownload.com



### ၁။ ကာယာနုပဿနာ တင်ပြပါမည်။

ဥပမာ။ ယောဂီအဖွားကြီးမှာ မြေးအငယ်ရှိသည် ဆိုပါစို့။ ယောဂီအဖွားကြီး၏သမီးကပြောတယ်။ "အမေရေ ကျမ ဈေးသွားမလို့ အမေ့မြေးလေး ပုခက်လွှဲပေးပါ" ပြောလို့ ယောဂီအဖွားကြီးက အကူအညီပေးရတယ်။ ယောဂီအဖွားကြီးက ပုခက်ကြိုးကိုင်ကာလွှဲပေးရတာပေါ့။ ပုခက်ကြိုးလွှဲတိုင်း စိတ်က ညွှန်ကြားသလို ဝါယောရုပ်က လှုပ်ခါလှုပ်ခါ ပုခက်ကြိုးကိုလွှဲရတယ်။ အဲဒါ စိတ္တဇဝါယောရုပ်က လှုပ်ခါလှုပ်ခါနဲ့ ပုခက်ကြိုးကို လွှဲတာသည် ကာယာနုပဿနာ ကမ္မဋ္ဌာန်း ပေါ့။ ခြေလှမ်း ကမ္မဋ္ဌာန်းမှာ ခြေလှုပ်တိုင်း သိပေးတာလည်း ကာယာနုပဿနာသတိပဋ္ဌာန်ပါပဲ။ ကိုယ်ကာယနှင့်လှုပ်ရမ်းမှုသိတိုင်း ကာယာနုပဿနာကမ္မဋ္ဌာန်းပါ။

၂။ ခံစားမှုကိုရှုရင် ဝေဒနာနုပဿနာ။ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲမှာ ဥပေက္ခာဝေဒနာ။ ကိုယ်ကာယ မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ မနောမှာ သောမနဿဝေဒနာ၊ဒေါမနဿဝေဒနာ။ ၄င်းအရှုခံများ ရှုရင် ဝေဒနာနုပဿနာပါ။

http://www.dhammadownload.com



## ၃။ စိတ္တာနုပဿနာ

မြင်စိတ်။ ကြားစိတ်။ နံစိတ်။ စားစိတ်။တွေ့ထိစိတ်။ ကြံတွေးစိတ်။ ၎င်းအရှုခံများရှုရင် စိတ္တာနုပဿနာပါ။

## ၄။ ဓမ္မာနုပဿနာ

ဝိပဿနာ ရှုပွားသော ယောဂီမှာ တစ်လံမျှ လောက်သောခန္ဓာကိုယ်မှ မနောအကြည်မှာ ပေါ်သမျှ တရားတွေသည် မမြဲတာဘဲတွေ့ရမည်။ သဗ္ဗေ သင်္ခါရာ–အနိစ္စာ–ယဒါပညာယပဿတိ ပြုပြင်၍ ပေါ်လာသော အလုံးစုံသောတရားတို့သည် အကြင် အခါ၌ ရှုလိုက်သောအခါ မမြဲတာဘဲတွေ့ရင် ဓမ္မာ နုပဿနာ ပါပဲခင်ဗျား။

## <u>မဂ္ဂင် (၅) ပါး ရှုဉာဏ်တရား</u>

| | |
|---|---|
| ၁။ သမ္မာ ဒိဋ္ဌိ<br>၂။ သမ္မာ သင်္ကပ္ပ | ပညာမဂ္ဂင် (၂) ပါး |
| ၃။ သမ္မာ ဝါယမ<br>၄။ သမ္မာ သတိ<br>၅။ သမ္မာ သမာဓိ | သမာဓိမဂ္ဂင် (၃) ပါး |

http://www.dhammadownload.com



သမာဓိမဂ္ဂင် (၃) ပါး မပြည့်စုံဘဲနဲ့ ခန္ဓာအဖြစ်ကို မသိပါ။ ပညာမဂ္ဂင် (၂) ပါး မပြည့်စုံဘဲနဲ့ ခန္ဓာအပျက်ကို မြင်လိမ့်မည် မဟုတ်ပါ။

ဖြစ်ပျက်ကို ဉာဏ် မြင်တာသည် မဂ္ဂင် (၅) ပါးစုံလို့ မြင်တာ။

## မိုးကုတ်ဆရာတော်ကြီးတရားမှာ

ရှေ့ကဖြစ်ပျက် = နောက်ကမင်္ဂ

ရှေ့စိတ်ကို = နောက်စိတ်ကသိတာ ဝိပဿနာ

ရှေ့အသေကို = နောက်အနေနဲ့သိတာဝိပဿနာ

(တစ်)စိတ်ကို = (နှစ်)စိတ်နဲ့သိတာ ဝိပဿနာ

ပေါ်တာက (တစ်) စိတ် = ရှုဉာဏ်က (နှစ်) စိတ်

ရှေ့ (တစ်) စိတ်ကို = နောက် (နှစ်) စိတ်က ရှုတာ ဝိပဿနာ

အသေကိုအရှင်နဲ့ကြည့်တာ ဝိပဿနာ

အဖြစ်ကိုသိတာ သမာဓိမဂ္ဂင် (၃) ပါး

အပျက်ကိုသိတာ ပညာမဂ္ဂင် (၂) ပါး

ဖြစ်ပျက်ကိုဉာဏ်မြင်တာ မဂ္ဂင် (၅) ပါးပါ။

http://www.dhammadownload.com



## မိုးကုတ်ဆရာတော်ကြီးကဟောတယ်။ အရှုခံခန္ဓာရဲ့အပျက်ကိုမြင်ဖို့အရေးကြီး၍ အသားပေးကာ ဟောကြားသည်မှာ

ပညာသေဋ္ဌော လောကသ္မိံ

ပညာမဂ္ဂင် က အပျက်ကို ဉာဏ် နှင့်မြင်တာပါ

အပျက်မြင်ဖို့အရေးကြီးပုံမှာ-

ဥပမာ - 'ရေယူခဲ့ပါ'ဆိုတော့ ရေကိုခွက်နဲ့ယူရပါတယ်။ သောက်တော့ ရေကိုသောက်တာပေါ့။ ခွက်ကသမာဓိမဂ္ဂင် (၃)ပါးနဲ့ တူတယ်။ ရေကတော့ ပညာမဂ္ဂင် (၂) ပါးနဲ့တူတယ်။ ရေကို ခွက်နဲ့ယူမှရသလို၊ သမာဓိမဂ္ဂင် (၃) ပါးနှင့် ပညာမဂ္ဂင် (၂)ပါး ပြည့်စုံမှ မဂ္ဂင် (၅) ပါး ရှုဉာဏ်တရားဖြစ်ပါတယ်ခင်ဗျား။

မဂ္ဂင် (၅) ပါး ရှုဉာဏ်တရားကို အကျယ်သိလိုသော် မိုးကုတ်ဆရာတော်ကိုယ်တိုင် ဟောသော ဝိသာခနှင့် ဓမ္မဒိန္နာတရား၊ မန္တလေးမြို့အောင်တော်မူရပ်၊ မိုးကုတ်ဝိပဿနာပြန့်ပွားရေးမှ ထုတ်ဝေသော စာအုပ်မှာ စာမျက်နှာ (၁၅၆)၊ စာကြောင်းရေ (၂၀) ရှုပါ။

http://www.dhammadownload.com



## ကိလေသာကြားမခိုအောင်ရှုပွားနည်း

### စိတ္တာနုပဿနာ

နှာဝမှာအာရုံပြု၍ လေသွင်းသော စိတ်ပျက်တာသိပါ။
နှာဝမှာအာရုံပြု၍ လေထုတ်သောစိတ်အပျက်ကို သိပေးပါ။

### ဝေဒနာနုပဿနာ

နှာဝမှာ ရှူလေကအေး၍ ပျက်တာသိပါ။
နှာဝမှာ ထုတ်လေကနွေး၍ ပျက်တာသိပါ။
နှာဝ ပသာဒကမ္မဇရုပ် ကို ဥတုဇဝါယောရုပ်က ရှူလေတိုးထိတော့ သိစိတ်က အနိစ္စ၊ သိတာက မဂ္ဂဉာဏ် ဖြစ်ပါတယ်။

အထက်ပါရှုနည်းသည် ကိလေသာ ကြားမခိုပါဘူး။ ကိုယ်တိုင်ရှုမှတ်ကြည့်ပါ။ ဒိဋ္ဌိ သုံးမျိုးဖြုတ်နည်းဟု နားလည်ထားပြီး ရှုမှတ်တာဖြစ်သောကြောင့် ဗလဝဝိပဿနာ ဖြစ်ပါသည်ခင်ဗျား။ အားကြီးသော ဝိပဿနာ ခေါ်ပါသည်။

### ဝိပဿနာရှုပွားချိန် ဒိဋ္ဌိသုံးမျိုးစင်ပုံ

၁။ အဖြစ်သိတာ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။
၂။ အပျက်သိတာ သဿတဒိဋ္ဌိ စင်ပါတယ်။
၃။ ဖြစ်ပျက်သိတာ သက္ကာယဒိဋ္ဌိ စင်ပါတယ်။

http://www.dhammadownload.com



## ရှင်းလင်းချက်

ကမ္မဇရုပ်နဲ့ဥတုဇရုပ်တို့တိုက်၍ပေါ်တဲ့ ပဉ္စပွန်သန္ဓာသည် တိုက်ပြီးပြတ်မသွားဘူး။ အဖြစ် တစ်ခုပေါ်လာတယ်။ ပေါ်မှန်း သိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

ယင်း ရုပ် နှစ်ခုတိုက်၍ပေါ်ရသော သန္ဓာ သည် ခိုင်မြဲမနေဘဲ အနိစ္စမှာ လမ်းဆုံးရသောကြောင့် သဿတဒိဋ္ဌိ စင်ပါတယ်။

ယင်းပဉ္စပွန်ပေါ်ဆဲ သန္ဓာသည် ဖြစ်လည်းဖြစ်တယ်။ ပျက်လည်းပျက်တယ်။ ဖြစ်ပျက်ကို ဉာဏ်မြင်တော့ သက္ကာယဒိဋ္ဌိ စင်ပါတယ်။

ဝိပ္ပလ္လာသ (၁၂) ချက်မှ (၈) ချက်သည် မဟာသောတာပန်နှင့် စူဠသောတာပန် ပယ်ပုံတင်ပြပါမည်။

## ဝိပ္ပလ္လာသတရား

တရားရှုမှတ်သောယောဂီသည်-

| အနိစ္စ တရား | ဒုက္ခ တရား | အနတ္တ တရား | အသုဘ တရား |
|---|---|---|---|

http://www.dhammadownload.com



## အနိစ္စပေါ်မှာပြုတ်ပုံ

ပေါ်ဆဲတရားကို အပျက်ရှုမှတ်နေတာ ဝိပဿနာဉာဏ်။ အနိစ္စဆိုတာ မမြဲတာ၊ ခန္ဓာမှာလည်း မြဲတာ ဘာမျှမရှိပါ။ အနိစ္စပေါ်မှာ (၃) ချက် ပြုတ်ပုံ ပြပါမည်။

> တရားရှုမှတ်သော ယောဂီသည် အနိစ္စတရား၊ အနိစ္စလက္ခဏာဉာဏ် ရှုနေပါတယ်။

| | အနိစ္စပေါ်မှာမြဲသည်ဟု | | အနိစ္စပေါ်မှာမမြဲတာအမှန် |
|---|---|---|---|
| သညာဝိပ္ပလ္လာသ အမှတ်များ | နိစ္စဟု ✘ | အမှတ်မှန် | အနိစ္စဟု ✔ |
| စိတ္တဝိပ္ပလ္လာသ အသိများ | နိစ္စဟု ✘ | အသိမှန် | အနိစ္စဟု ✔ |
| ဒိဋ္ဌိဝိပ္ပလ္လာသ အယူများ | နိစ္စဟု ✘ | အယူမှန် | အနိစ္စဟု ✔ |

တရားရှုမှတ်သောယောဂီသည် ခန္ဓာ အပေါ်မှာ အနိစ္စ တရားပါ မမြဲဘူးဟုမှတ်ပါသည်။ မမြဲဘူးဟု သိပါသည်။ မမြဲဘူးဟု ယူပါသည်။

http://www.dhammadownload.com



တရားရှုမှတ်သောယောဂီသည် ခန္ဓာ ဖြစ်ပျက် ရှုပွားစဉ်မှာ သုခသစ္စာ တွေ့သလား၊ ဒုက္ခသစ္စာ တွေ့သလားလို့မေးရင် ဒုက္ခသစ္စာ တွေ့ပါတယ်ဟု မှန်မှန် ကန်ကန်ဖြေရမှာပါ။

သောတာပန်သည်ဒုက္ခသစ္စာပေါ်မှာ အယူသာ ပယ်နိုင်ပုံ

## ဒုက္ခပေါ်ဖြုတ်ပုံ

တရားရှုမှတ်သော ယောဂီသည်
အရှုခံနှင့် ရှုဉာဏ်အောက်မှ
ဒုက္ခသစ္စာသာဉာဏ်နှင့်တွေ့ပါသည်။

| | ဒုက္ခပေါ်မှာ သုခ ဟု |
|---|---|
| သညာဝိပ္ပလ္လာသ အမှတ်များ | သုခဟု အမှတ်များ ✘ |
| စိတ္တဝိပ္ပလ္လာသ အသိများ | သုခဟု အသိများ ✘ |
| ဒိဋ္ဌိဝိပ္ပလ္လာသ အယူများ | သုခဟု အယူများ ✘ |

| | ဒုက္ခပေါ်မှာ သုခဟု |
|---|---|
| သညာဝိပ္ပလ္လာသ အမှတ်များ | သုခဟု အမှတ်များ ✘ |
| စိတ္တဝိပ္ပလ္လာသ အသိများ | သုခဟု အသိများ ✘ |
| သမ္မာဒိဋ္ဌိ အယူမှန် | ဒုက္ခသစ္စာဟု အယူမှန် ✔ |

http://www.dhammadownload.com



သောတာပန်သည်ဓုက္ခသစ္စာပေါ်မှာ သညာဝိပ္ပလ္လာသ ဆိုသော အမှတ်သည် ကောင်းတာတွေ့ရင် သုခ ဟု မှတ်ပါသေးတယ်။

ကောင်းတာတွေ့ရင် သုခ ဟုသိပါသေးတယ်။

ကောင်းကောင်းဆိုးဆိုး အားလုံး သင်္ခါရ တရားတွေ သည် ဒုက္ခသစ္စာဟု အယူကတော့ သောတာပန်သည် မြဲပြီးသားပါ။

ယခုတင်ပြပြီးတာကတော့ သောတာပန်သည် အနိစ္စ ပေါ်မှာ (၃) ချက် အမှတ်မှား၊ အသိမှား၊ အယူမှားပယ် ပါသည်။

ဒုက္ခ ပေါ်မှာ သုခ ဟု အမှတ်မှား၊ သုခ ဟု အသိမှား ကျန်ပါသေးတယ်။ အားလုံးသောတရား၊ ဒုက္ခသစ္စာ ပေါ်မှာ ကောင်းတာဆိုးတာ မပယ်နိုင်ပေမဲ့ သံစိတ္တေန ပဋိုပါဒါနက္ခန္ဓာပီ ဒုက္ခသစ္စာ ဟုသိ၍ ဒုက္ခ ပေါ်မှာ သုခ ဟု အယူမှားဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်ပါသည်။ အလုံးစုံ သော တရားတို့သည် ဒုက္ခသစ္စာသာ အမှန်ရှိပါလား ဟု အမှန်သိတာသည် သုခ ပေါ်မှာ မှားယွင်းသော ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်ပါသည်။

http://www.dhammadownload.com



## အနတ္တပေါ်မှာဖြုတ်ပုံ

ပေါ်ဆဲတရားကို အပျက်ရှုမှတ်နေတာ ဝိပဿနာဉာဏ်၊ အနတ္တ ဆိုတာ အစိုးမရတာ ခန္ဓာ မှာလည်း အစိုးရတာ ဘာမှမရှိပါ။

အနတ္တ ပေါ်မှာ (၃) ချက်ဖြုတ်ပုံပြပါမည်။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာ ဤ (၄) ဖြာပေါ်ရာ ရှုရမည်ဟု ဆရာတော်ဘုရားဆုံးမထားပါသည်။

ဥပမာ - ယောဂီက စိတ္တာနုပဿနာ ရှုနေတယ် ဆိုပါစို့။ တရားထိုင်လို့ (၁၅) မိနစ်ကြာတော့ ဝေဒနာ တက်လာတယ်။ ဝေဒနာ ပေါ်တော့ ဝေဒနာအနိစ္စ ကို ရှုမှတ်ပါ။ စိတ်ရဲ့ အနိစ္စ ကို ရှုနေတာ။ ဝေဒနာပေါ် ရမလား၊ အစိုးရလို့လား၊ အစိုးမရလို့ပေါ်တာလား လို့မေးပါ။ အစိုးမရလို့ ပေါ်တာသိတော့ အနတ္တပေါ် မှာ အတ္တဟု အစိုးရတဲ့အမှတ်မှား။ သညာဝိပ္ပလ္လာသ။ အစိုးရသည်ဟု စိတ္တဝိပ္ပလ္လာသ အသိမှား အနတ္တ ပေါ်မှာ အစိုးရသည်ဟု အယူမှား ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်တာပေါ့ခင်ဗျား။

http://www.dhammadownload.com



ပေါ်ဆဲတရားကို အပျက်ရှုမှတ်နေတာ ဝိပဿနာဉာဏ်၊ အနတ္တ ဆိုတာ အစိုးမရတာ။ ခန္ဓာမှာလည်း အစိုးရတာဘာမျှမရှိပါ။ ရှုမှတ်ချိန်တွင် ခန္ဓာ၏ ရုပ်ယှက်ခတ်အောင် ပျက်နေတဲ့တရားတွေပါ။ ဖြစ်ချင်သလို မဖြစ်ဘဲ တရားသဘောအတိုင်း ဖြစ်ပျက် နေတဲ့ အနတ္တတရားတွေက တရားထိုင်ရင် ကိုယ်တိုင်တွေ့ရတဲ့ တရားတွေပါ။ ကျေးဇူးတော်ရှင်က ခန္ဓာမှာ တရားရှာပါ။

ဘုရားပရိနိဗ္ဗာန်မစံသေးပါ။ ဉာဏ် သုံးဆင့်တရားတော် ၂ $\frac{၁၀}{၆၁}$ ဟောတရားမှာ ခန္ဓာမှာ တရားရှိတာ ဉာဏ်နဲ့ကြည့်မှ ကိလေသာပါးရာက ပြုတ်မှာပါ။ ဒါလောက်တရားနာတရားအားထုတ်ထားရင်ခိုင္ဆိ ကိလေသာကတော့ ပြုတ်ရမှာပေါ့။

http://www.dhammadownload.com



**တရားရှုမှတ်သော ယောဂီသည် အနတ္တတရား၊ အနတ္တလက္ခဏာဉာဏ် ရှုနေပါတယ်။**

| | အနတ္တ ပေါ်မှာ အစိုးရ သည်ဟု |
|---|---|
| သညာဝိပ္ပလ္လာသ အမှတ်များ | အစိုးရ သည်အတ္တ ဟု ✘ |
| စိတ္တဝိပ္ပလ္လာသ အသိများ | အစိုးရ သည်အတ္တ ဟု ✘ |
| ဒိဋ္ဌိဝိပ္ပလ္လာသ အယူများ | အစိုးရ သည်အတ္တ ဟု ✘ |

| | အနတ္တ ပေါ်မှာ အစိုးမရ တာအမှန် |
|---|---|
| အမှတ်မှန် | အနတ္တဟု အမှတ် မှန် ✔ |
| အသိမှန် | အနတ္တဟု အသိမှန် ✔ |
| အယူမှန် | အနတ္တဟု အယူမှန် ✔ |

http://www.dhammadownload.com



တရားရှုမှတ်သောယောဂီသည် အရှုခံ ခန္ဓာ က အသုဘလား၊ သုဘလားလို့မေးရင် အသုဘ လို့ ဖြေရမှာပါ။ ဘာပြုလို့လဲမေးရင် ပိဿာချိန် (၃၀)၊ (၄၀) ခန္ဓာ က အသုဘခန္ဓာကြီးပါ။ ဒီ အသုဘခန္ဓာ ကြီးကို မှီတွယ်၍ဖြစ်ပေါ်လာရသော ပစ္စုပ္ပန် ပေါ်ဆဲ ခန္ဓာ ကတော့ သုဘ ဖြစ်ချင်၍ရပ့ါမလား။ အရှုခံခန္ဓာ ကလဲ ရှုဉာဏ် အောက်မှာ အသုဘ ပါ။ တရားရှုမှတ် လို့ ဉာဏ် နဲ့တွေ့တာကတော့ သုဘ ဆိုတာ မြူမှုန် လောက်တောင်မှ မတွေ့ပါဘူး။ အဲဒါကြောင့် တရားရှု မှတ်တဲ့ ယောဂီသည် ဤ ခန္ဓာ မှာ သုဘ ဆိုသော အယူမှား အသုဘ အပေါ်မှာ သုဘ ဟူသော အယူမှား ဒိဋ္ဌိ ဝိပ္ပလ္လာသ စင်စင်ပြုတ်တာပေ့ါ။

http://www.dhammadownload.com


## အသုဘအပေါ်မှာ အယူဖြုတ်ပုံ

| | အသုဘ ပေါ်မှာ သုဘဟု |
|---|---|
| သညာဝိပ္ပလ္လာသ အမှတ်မှား | သုဘဟု အမှတ် မှား ✘ |
| စိတ္တဝိပ္ပလ္လာသ အသိမှား | သုဘဟု အသိမှား ✘ |
| သမ္မာဒိဋ္ဌိ အယူမှန် | အသုဘဟု အယူမှန် ✔ |

အပါယ် (၄)ပါးပိတ်သော ယောဂီမှာ ဝိပ္ပလ္လာသ (၈)ချက် ဖြုတ်ပါတယ်။ (၁) အသိဖြုတ်၊ (၂) အပွားဖြုတ်၊ (၃) အပယ် ဖြုတ်ဖြစ်ပါတယ်။ ဝိပ္ပလ္လာသ အသိဖြုတ်အကျယ်မှာ မန္တလေးမြို့၊ အောင်တော်မူရပ်၊ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးမှ ထုတ်သော ဉာဏ ပရိညာ ဒုတိယတွဲ မှာ စာမျက်နှာ (၁၅၈)၊ စာကြောင်း ရေ (၁၁) မှ စာမျက်နှာ (၁၇၀) မှ စာကြောင်းရေ (၆)ထိ ဖတ်ရှု ကြည့်ပါ။

http://www.dhammadownload.com



ယခုရေးသော ဝိပ္ပလ္လာသ (၈) ချက်မှာ ရှုမှတ်ချိန်မှာ တစ်ပါတည်းပြုတ်ပုံရေးထားတာပါ။ ကိုယ်ကိုယ်တိုင် တရားအားထုတ်ပါ။ အမှန်တွေ့ပါလိမ့်မည်။

ယောဂီသည် တရားအားထုတ်ချိန်မှာပေါ်ဆဲခန္ဓာအနိစ္စ ကို ဉာဏ်မဂ္ဂ နှင့် ရှုနေတာပါ။

တရားအားထုတ်ချိန်မှာ

| | | | |
|---|---|---|---|
| အနိစ္စဟု အမှတ်မှန် တွေ့သည်✔ | | အနတ္တဟု အမှတ်မှန် တွေ့သည်✔ | |
| အနိစ္စဟု အသိမှန် တွေ့သည်✔ | | အနတ္တဟု အသိမှန် တွေ့သည်✔ | |
| အနိစ္စဟု အယူမှန်ဖြစ်ပါသည်✔ | ပေါ်ဆဲခန္ဓာသည် ပုဂ္ဂလသတ္တဟု အယူမှန်ပါသည် | အနတ္တဟု အယူမှန်ဖြစ်ပါသည်✔ | အသုဘဟု အယူမှန် ဖြစ်သည် |

## အနိစ္စပေါ်မှာ (၃) ချက်

၁။ အမှတ်မှန်
၂။ အသိမှန်
၃။ အယူမှန်

} အနိစ္စပေါ်မှာရှုဉာဏ်ကတွေ့သည်။

http://www.dhammadownload.com



## အနတ္တပေါ်မှာ (၃) ချက်

၁။ အမှတ်မှန်
၂။ အသိမှန်
၃။ အယူမှန်
} အနတ္တပေါ်မှာရှုဉာဏ်ကတွေ့သည်။

## ဒုက္ခပေါ်မှာ (၁) ချက်

၁။ တရားရှုမှတ်ချိန် - ဒုက္ခသစ္စာဟုဉာဏ်တွေ့ အယူမှန်သည်။

## အသုဘအပေါ်မှာ (၁) ချက်

၁။ တရားရှုမှတ်ချိန် - ပေါ်ဆဲခန္ဓာအသုဘဟု အယူမှန်ပါသည်။

| | အနိစ္စ | ဒုက္ခ | အနတ္တ | အသုဘ |
|---|---|---|---|---|
| သညာ ဝိပ္ပလ္လာသ | ၁ | ၄ | ၁ | ၃ |
| စိတ္တ ဝိပ္ပလ္လာသ | ၁ | ၄ | ၁ | ၃ |
| ဒိဋ္ဌိ ဝိပ္ပလ္လာသ | ၁ | ၁ | ၁ | ၁ |

http://www.dhammadownload.com



ပုံစံပြသောဇယားကွက်မှာ

၁။ အမှတ်အသားသည် သောတာပန်သကဒါဂါမ် ပယ်သည်။

၂။ သကဒါဂါမ်သည် သောတာပန်ကဲ့သို့ ဒိဋ္ဌိဝိစိကိစ္ဆာသာ ပယ်နိုင်၍ နံပါတ် ၂ ဟု မထည့်ပါ။

၃။ အမှတ်အသားသည် အနာဂါမ် ပယ်သည်။

၄။ အမှတ်အသားသည် ရဟန္တာ ပယ်သည်။

ဥပမာ-ဝိသာခါကျောင်းအမ သောတာပန်ကြီး လင်ယူသားမွေးသည်။ ဘုရားကျောင်းကန်သွားရင် မလ္လိကာတန်ဆာ ကြီးဝတ်သွားသည်။ အဲဒါ အသုဘာ အပေါ်မှာ သုဘာ ဟု အမှတ်များနှင့် အသုဘာအပေါ် မှာ သုဘာဟု အသိမှားကျန်နေပါသေးသည်။ သောတာပန်သည် ငါးပါးအာရုံ ကာမဂုဏ် မပယ်နိုင် သေးပါ။ ဇယားကွက် ကြည့်ပါ။ နံပါတ်(၃)ဆိုတာ တွေ့ရပါလိမ့်မည်။

ရဟန္တာ အရှင်သူမြတ်ကတော့ ဒုက္ခ အပေါ်မှာ အမှတ်မှန်။

http://www.dhammadownload.com



ဒုက္ခ ပေါ်မှာ အသိမှန်။ သုခ ဟု အမှတ်မှား။ အသိမှား မရှိတော့ပါ။ အဲဒါကြောင့် ရဟန္တာ အရှင်သူမြတ်က ဆွမ်းဘုဉ်းပေးခါနီးမှာ စားပွဲထိုင်တော့ ဒုက္ခ၊ ဒုက္ခ ဟု နှုတ်တော်က ရွတ်ပါ သေးတယ်တဲ့။

ဆရာတော်ဘုရားဟောတဲ့ တိတ်ခွေထဲမှာ အနာဂါမ် ကိုယ်တော်ကြီးတောင် ဆွမ်းဘုဉ်းပေး ကောင်းတယ်ဟု ပြောသေးတာပဲဟု ကြားနာဖူးပါ သည်။

တရားတော်ကြီးပြီးဆုံးပါပြီ။ ဤကောင်းမှုသည် နိဗ္ဗာန်အကျိုးငှာ အကြောင်းတရားဖြစ်ပါစေ။

ဦးခင်စိုး
မြစန္ဒာလမ်း၊ ၂၇ × ၂၈လမ်းကြား
အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုံး – ၆၆၂၀၉

http://www.dhammadownload.com

http://www.dhammadownload.com

# ဒိဋ္ဌိသုံးမျိုးဖြုတ်နည်း

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဥပနိဿယအတိုင်း
ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ် တရားများကို
အခြေခံကျကျ သိဖို့ရန် **ဉာဏပရိညာ** စာအုပ်ကို
ရှေးဦးစွာ ဖတ်ပါဦး၊ စာအုပ်ထွက်နေပြီ။

---

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားအပ်သော
**ဝိသာခ နှင့် ဓမ္မဒိန္နာ အမေးအဖြေများ**
သက္ကာယဒိဋ္ဌိဆိုတာ ဘယ်အဓိပ္ပါယ်ခေါ်သလဲ -
သက္ကာယဖြစ်ကြောင်းက ဘယ်သူလဲ -
သက္ကာယချုပ်ကြောင်း အကျင့်ကဘာလဲ -
မေးခွန်းပြောက်များစွာ ရှင်းပြသောစာအုပ်ထွက်နေပြီ။

---

(ကမ္မ\ဘဝ) နှင့် ဇာတိ / ဥပပတ္တိဘဝ အကျယ် ဝိပ္ပလ္လာသ(၁၂)ပါး
အကျယ်တို့ကို များစွာရှင်းပြထားသော -

**ဉာဏပရိညာ (ဒုတိယတွဲ)**

ထွက်ပြီ

http://www.dhammadownload.com

ဦးခင်စိုး ပြုစုသော

မိုးကုတ် ဥပနိသာယ
နှင့်အညီ
ပဋ္ဌာန်းပစ္စယနိဒ္ဒေသ
အဖွင့်
ထွက်ပြီ
ပြုစုသူ ဦးခင်စိုး

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိသာယအတိုင်း
ဇော (၇) ကြိမ် နှင့် အာဝဇ္ဇန်း အာသန္နကံ
ဆောင်ရန် ရှောင်ရန် တရားတော်
ထွက်ပြီ
စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

ခြောက်ဒွါရအကြောင်းပြု၍ မနောမှပေါ်သော
ဒိဋ္ဌိ သုံးမျိုးဖြုတ်နည်း
နှင့်
ဝိပဿနာရှုပွားနည်း
ထွက်နေပါပြီ
ပြုစုသူ ဦးခင်စိုး

နိဗ္ဗာန်ရောက်ကြောင်းအတွက်
လိုအပ်သောအကျင့်မြတ်များကို
မြတ်စွာဘုရားသည်
မေတ္တာသုတ်တွင်
ဟောကြားထားသော
မေတ္တာသုတ်အဖွင့်စာအုပ်
ထွက်နေပါပြီ
ပြုစုသူ ဦးခင်စိုး

ဦးခင်စိုး
မိုးကုတ်ဝိပဿနာပြန့်ပွားရေး
အမှတ်(၁၇၁)၊မြစ်နွှာလမ်း၊၂၇×၂၈ကြား၊၆၂×၆၃ကြား
အောင်တော်မူရပ်၊ မန္တလေးမြို့၊ ၀၂-၆၆၂၀၉

မ


## ဖြန့်ချိသောစာအုပ်များ

၁။ ဉာတပရိညာ (ပဌမ) တွဲ
၂။ ဉာတပရိညာ (ဒုတိယ) တွဲ
၃။ ပဌာန်းပစ္စယနိဒ္ဒေသအဖွင့်
၄။ ဝိသာခါနှင့်ဓမ္မဒိန္နာ
၅။ ဒိဋ္ဌိသုံးမျိုးဖြုတ်နည်းနှင့်ဝိပဿနာရှုနည်း
၆။ မေတ္တာသုတ်အဖွင့်
၇။ ဇော(၇)ကြိမ်နှင့် အာစိဏ္ဏကံ အာသန္နကံ
၈။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းလက်ကမ်းစာရွက်
၉။ ဆရာတော်ဘုရားကြီး၏ ဩဝါဒလက်ကမ်းစာရွက်
၁၀။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပိတ်ကားနှင့် Vinyl ဆိုဒ်စုံများ
ကို လက်လီလက်ကားဖြန့်ချိပေးနေပါသည်။

**လက်လီရနိုင်သောဌာနများ**

မန္တလေးမြို့စာအုပ်ဆိုင်များ
ရန်ကုန်မြို့တွင်းနှင့်ရွှေတိဂုံဘုရားစာအုပ်ဆိုင်များတွင် ရနိုင်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

